၁။ သံယာတ=လျှောက် (ယောက်, ယောက်ပတ်)
၂။ ပက္ခပါသ=ခေါင်ချုပ် ခေါင်အုပ်
၃။ တုလာ=ထုတ်, ရက်မ (၂၂၃) **(မွန်-၆၆)**

**(ဆောင်)** လျှောက်နှင့် ခေါင်ချုပ်၊ ရက်မထုက်၊ မှန်ဟုတ်အိမ်အင်္ဂါ။

**ဩရသ**=မိမိကြောင့်ဖြစ်သော သား(သားရင်း)သည် ဩရသမည်၏။ (၂၄၁) **(ရခိုင်)**

**လင်၏အဖေ**=သသုရ (ယောက္ခမမိန်းမ, ယောက္ခမယောက်ျား)
**နှမ၏သား**=ဘာဂိနေယျ
**လင်၏ညီ**=ဒေဝရ
**သမီး၏ခင်ပွန်း**=ဇာမာတု
**အဘိုး၏အဖ**=ပယျက (အဘေး) **(တနင်္သာရီ-၆၆)**
**ဥသ**=ငန်သောမြေ (ဆားဆပ်ပြာမြေ)သည် ဥသမည်၏။ **(ပဲ-၆၈)**
**သာခါနဂရ**=မြို့မ, မြို့တော်မှ တစ်ပါးသောအရပ်၌ရှိသော မြို့လက်သည် သာခါနဂရမည်၏။ **(ပဲ-၆၈)**

**ဓမ္မိလ္လ**=ကောင်းစွာဖွဲ့ထုံးအပ်ကုန်သော ဆံပင်တို့သည် (ဖီးလိမ်းပြင်ဆင် တန်ဆာဆင်အပ်သောဆံထုံးသည်) မည်၏။ (၂၅၇) **(ရခိုင်)**

**ရွှေလည်တိုင်**=ရွှေမုရိုးစည်ငယ်နှင့်တူသော လည်ပင်းသည်၊ (နဲ)အရေးသုံးခုတို့ဖြင့် မှတ်အပ်သောလည်ပင်းသည် . . . မည်၏။ **(၇၉-ခုနှစ်)**

**လက် ၅-ချောင်း**

၁။ အင်္ဂုဋ္ဌ=လက်မ ၂။ တဇ္ဇနီ=လက်ညိုး ၃။ မဇ္ဈိမ=လက်လယ် ၄။ အနာမိက=လက်သူကြွယ်
၅။ ကနိဋ္ဌာ=လက်သန်း (၂၆၆) **(ပဲခူး-၆၈)**

**ပန်းပဲသမား၏ကိရိယာ (၃)ပါး**

၁။ ညှပ်၊ (၂) သံတူ (လက်တစ်ဖက်ကိုင်တူငယ်) (၃)ပေ တို့ဖြစ်ပါသည်။ **(ပဲခူး-၆၈)**

**ဗျာမ=အလံ**

နံပါးနှစ်ဖက်သို့ ဖြန့်အပ်ကုန်သော လက်နှင့်တကွကုန်သော လက်မောင်းနှစ်ခုတို့သည် ဗျာမမည်၏။

(၂၆၉) **(ရခိုင်-၇၂)**

### ပေါရိသ=တသူ

အထက်သို့ဆန့်တန်းအပ်သော လက်ရှိသောလူတို့၏ အတိုင်းအရှည် (လက်ခုပ်တစ်ဖောင်=တသူ)သည် ပေါရိသ-တစ်သူ မည်၏။ (၂၆၉) **(ရခိုင်-၇၂)**

### တန်ဆာအထူး ၄-မျိုး

မုခဖုလ္လ=မျက်နှာတန်ဆာ (မှန်ကူခြင်း, နှုတ်သာပြောက်ထိုးခြင်း)
ဥဏ္ဏတ=နဖူးစည်းတန်ဆာ
ဥဂ္ဂတ္ထန=ရင်သားလွှမ်းတန်ဆာ၊ ဝါ-လေးသွယ်ရှိသော ပုလဲကုံး
ဂိဂ်မက=၃၂-သွယ်ရှိသော ပုလဲကုံး။ (၂၈၉) **(ကရင်-၆၆)**

### သင်္ကန်း၌ ရှိသင့်သော အင်္ဂါရပ်

၁။ မဏ္ဍလ=အိမ်ဝန်းကြီး
၂။ ဝိဝဋ္ဋ=ခေါင်စပ်
၃။ ကုသိ=မြောင်းရှည် အနံအနားပတ်။ (၂၉၆) **(ရောဝတီ-၇၂)**

**(ဆောင်)** အိမ်ဝန်း, ခေါင်စပ်၊ မြောင်းရှည်ထပ်၊ သုံးရပ် သင်္ကန်းစိပ်။

### ညောင်စောင်းအထူး ၄-မျိုး

၁။ ကုဠီရပါဒ=ပုဇွန်ခြေသဏ္ဌာန် အခြေရှိသောညောင်စောင်း၊
၂။ အာဟစ္စပါဒ=အပေါင်၌အခြေစွပ်သော ညောင်စောင်း၊
၃။ မသာရက=အခြေ၌အပေါင်စွပ်သော ညောင်စောင်း၊
၄။ ဗုန္ဒိကာဗဒ္ဓ=အခြေနှင့်တစ်စပ်တည်း အပေါင်ရှိသောညောင်စောင်း။ (၃၀၉) **(ရောဝတီ-၇၂)**

### ကုတ္တကအခင်း

၁၆-ယောက်သော ကချေသည်မတို့ ကလောက်သော ထိုတစ်ဖက်အမွေးရှိသောအခင်း, နှစ်ဖက်အမွေးရှိသောအခင်းနှစ်မျိုးသည် ကုတ္တကအခင်းမည်၏။ (၃၁၄) **(ရောဝတီ-၇၂)**

**ကဋ္ဋိဿ**=ရွှေချည်, ငွေချည်တို့ဖြင့် ပတ်လည်ဝန်းကျင် အပြင်နှံ့စပ် ချုပ်ခြယ်အပ်သော အခင်းသည် ကဋ္ဋိဿ မည်၏။ (၃၁၅) **(ရောဝတီ-၇၂)**

### အနာရောအထူး ၇-မျိုး

၁။ ဘဂန္ဒလ=ဘဂန္ဒိုရ်နာ (ဂရင်ဂျီနာ)
၂။ မေဟ=ဆီးလွန်နာ
၃။ ဇရ=ဖျားနာ
၄။ ကာသ=ချောင်းဆိုးနာ
၅။ သောသ=ပန်းနာ
၆။ ကုဋ္ဌ=နူနာ

၇။ သူလ=ကိုက်ခဲသောအနာ။ (၃၂၈) (တနင်္သာရီ-၆၆)

(ဆောင်)ဂရင်ဂျီဟု, အမည်တွင်လာ, ဘဂန္ဒိုရ်နာတည်း၊
တစ်ဖြာမှတ်ရန်, ဆီးလွန်, ဖျားနာ, ချောင်းဆိုးနာနှင့်၊
ပန်းနာ, နူနာ, ကိုက်ခဲနာ, အနာရောဂါထူး။

## ခတ္တိယမဟာသာလ, ဗြာဟ္မဏမဟာသာ, ဂဟပတိမဟာသာလ

၁။ ယုတ်သောအပိုင်းအခြား(အနည်းဆုံး)အားဖြင့် သိုမှီးသိမ်းဆည်းအပ်သော ဥစ္စာသည် ကျပ်ဒင်္ဂါး ကုဋေတစ်ရာရှိ၍ နေ့စဉ်သုံးစွဲအပ်သော ကျပ်ဒင်္ဂါးအမွဏနှစ်ဆယ် (တင်းနှစ်ဆယ်)ရှိသော မင်းတို့သည် ခတ္တိယမဟာသာလမည်၏။

၂။ သိုမှီးသိမ်းဆည်းအပ်သော ဥစ္စာသည် ကျပ်ဒင်္ဂါးကုဋေရှစ်ဆယ်ရှိ၍ နေ့စဉ်သုံးစွဲအပ်သော ကျပ်ဒင်္ဂါးဆယ်အမွဏ(ဆယ်တင်း)ရှိသော ပုဏ္ဏားတို့သည် ဗြာဟ္မဏမဟာသာလမည်၏။

၃။ သိုမှီးသိမ်းဆည်းအပ်သော ဥစ္စာသည် ကျပ်ဒင်္ဂါးကုဋေလေးဆယ်ရှိ၍ နေ့စဉ်သုံးစွဲအပ်သော ကျပ်ဒင်္ဂါးငါးအမွဏ(ငါးတင်း)ရှိသော သူကြွယ်တို့သည် ဂဟပတိမဟာသာလမည်၏။ (၃၇၇) (မွန်-၆၆)

## သတ္တုရာဇ=ရန်သူမင်း

မိမိနိုင်ငံ၏အခြားမဲ့၌ တည်သောမင်းသည် "သတ္တုရာဇ=ရန်သူမင်း"မည်၏။ (၃၄၃) (မကွေး-၆၆)

## ရန်အောင်ကြောင်း ဥပါယ် ၄-မျိုး

၁။ ဘေဒ=ရန်သူတို့၏အသင်းအပင်း၌ အချင်းချင်း ကွဲပြားစေခြင်းဟူသော ဘေဒဥပါယ်။
၂။ ဒဏ္ဍ=ဖိစီးနှိပ်ကွပ် ဒဏ်တပ်ခြင်းဟူသော ဒဏ္ဍဥပါယ်။
၃။ သာမ=စိတ်ကျေချမ်းအောင်ပြုခြင်း, စကားပြေပြောခြင်းဟူသော သာမဥပါယ်။
၄။ ဒါန=လက်ဆောင်ပဏ္ဏာစသည်ပေးခြင်းဟူသော ဒါနဥပါယ်။ (ရှမ်း-၇၃)

ဘေဒေါ ဒဏ္ဍော သာမ ဒါနာ-နျုပါယာ စတုရော ကမေ။ (၃၄၈)

## တိုင်းပြည်အင်္ဂါ ၇-ပါး၊ ၈-ပါး

၁။ သာမိ=ပြည့်ရှင်မင်း။
၂။ အမစ္စ=အမတ်။
၃။ သခါ=မဟာမိတ်မင်း။
၄။ ကောသ=ဘဏ္ဍာကျိုကြ။
၅။ ဒုဂ္ဂ=ခံတပ်ကတုတ်။
၆။ ဝိဇိတ=နိုင်ငံနယ်ပယ်။
၇။ ဗလ=စစ်သည်ဗိုလ်ပါ။

၈။ ပကတိ=တိုင်းသူပြည်သား။ (မန်း-၇၃)

သာမျမစ္စော သခါ ကောသော၊ ဒုဂ္ဂဠ ဝိဇိတံ ဗလံ။
ရဋ္ဌင်္ဂါနီတိ သတ္တေတေ၊ သိယုံ ပကတိယောပိစ။ (၃၅၀)

**မင်းမြောက်တန်ဆာ ၅-ပါး**

၁။ ခဂ္ဂ=သံလျက်။
၂။ ဆတ္တ=ထီးဖြူ။
၃။ ဥဏှီသ=သင်းကျစ်။
၄။ ပါဒုကာ=ခြေနင်း။
၅။ ဝါလဗီဇနီ=စမရီသားမြီးခြင်ခတ် (ယပ်)။ (၃၅၈) **(ရှမ်း-၇၃)**

**(ဆောင်)** သန်လျက်, ထီးဖြူ သင်းကျစ်ဟူ၊ တစ်ဆူခြေနင်းပါ။
စမရီခြင်ခတ်၊ မင်းမြောက်အပ်၊ ငါးရပ်ဆင်တန်ဆာ။

**လက်နက် ၄-မျိုး**

၁။ မုတ္တာမုတ္တ=လက်မှလွှတ်လိုလျှင် လွှတ်ရ, မလွှတ်လိုလျှင်မလွှတ်ရသောလက်နက်မျိုး (တုတ်၊ တင်းပုတ်စသည်)
၂။ အမုတ္တ=လက်မှ မလွှတ်အပ်သည်သာလျှင်ဖြစ်သော လက်နက်မျိုး (သန်လျက်၊ ဓားမြှောင်စသည်)
၃။ ပါဏိမုတ္တ=လက်မှ လွှတ်အပ်သည်သာလျှင်ဖြစ်သော လက်နက်မျိုး (လှံစသည်)
၄။ ယန္တမုတ္တ=ယန္တရားစက်ဖြင့် လွှတ်အပ်သော လက်နက်မျိုး (မြားစသည်) (၃၈၆) **(စစ်ကိုင်း-၇၃)**

**အဿမ ၄=မျိုး**

၁။ ဗြဟ္မစာရီ=ဗေဒကို သရဇ္ဈာယ်လျက် မြတ်သောအကျင့်ရှိသူ။
၂။ ဂဟဋ္ဌ=ဓမ္မ, အတ္ထ, ကာမတို့၌တည်လျက် ယဇ်ပူဇော်သူ။
၃။ ဝါနပတ္ထ=တော၏အစိတ် လူသူဆိတ်ရာ၌နေလျက် ကျင့်သူ။
၄။ ဘိက္ခု=ဖန်ရည်ဆိုးအဝတ်ကို ဝတ်လျက် ဆွမ်းခံခြင်း, ဈာန်ဝင်စားခြင်း အကျင့်ရှိသူ။(၄၀၈) **(မန်း-၇၃)**

**သဗြဟ္မစာရီ**

အချင်းချင်း အတူတကွ သီလစသောသိက္ခာသုံးပါးတို့ကို ဖြည့်ကျင့်ကုန်သောသူတို့သည် သဗြဟ္မစာရီ=သီတင်းသုံးဖော် အတူကျင့်ဖော်တို့မည်ကုန်၏။ (၄၁၀) **(ရှမ်း-၆၆)**

**ယဇ်ကြီး ၅-မျိုး**

၁။ အဿမေဓယဇ် ၂။ ပုရိသမေဓယဇ် ၃။ နိရဂ္ဂဠယဇ် ၄။ သမ္မာပါသယဇ် ၅။ ဝါဇပေယျယဇ်။ (၄၁၃)
**(ပဲခူး)**

**ပရိသတ် ၄-ပါး** = ဘိက္ခု၊ ဘိက္ခုနီ၊ သပါသကာ၊ ဥပါသိကာ။ (၄၁၅) **(ပဲခူး-၆၆)**

**ပရိသတ် ၈-ပါး**=တာဝတိံသာနတ်၊ ပုဏ္ဏား၊ မင်း၊ မာရ်နတ်၊ သူဌေးသူကြွယ်၊ ရဟန်း၊ စတုမဟာရာဇ်နတ်၊ ဗြဟ္မာ။ (၄၁၆) **(ရခိုင်-၆၈)**

**သာဝိတ္တီဆန်း**=အကြင်ဆန်းသည် ၂၄-လုံးသောအက္ခရာရှိ၏၊ ပေဒကျမ်းတို့၏အစဖြစ်၍ ဖြစ်၏၊ ထိုဆန်းသည် သာဝိတ္တီမည်၏။ (၄၁၇) **(မကွေး-၆၆)**

**မီးအထူး ၃-မျိုး**

၁။ ဂါဟပ္ပစ္စ=အိမ်ရှင်နှင့်စပ်သောမီး

၂။ အာဟဝနီယ=ပူဇော်အပ်သောမီး

၃။ ဒက္ခိဏဂ္ဂိ=အလှူဒါနကို စွန့်ရာဖြစ်သောမီး **(၇၈-ခုနှစ်)**

**ဒါနဝတ္ထု ၁၀-ပါး**

၁။ အန္န=ထမင်း၊

၂။ ပါန=အဖျော်၊

၃။ ဃရ=ကျောင်း, ဇရပ်၊

၄။ ဝတ္ထ=အဝတ်သင်္ကန်း၊

၅။ယာန=ယာဉ် (ထီး, ဖိနပ်)

၆။ မာလာ=ပန်း၊

၇။ ဝိလေပန=နံ့သာပျောင်း, နံ့သာရည်၊ ဝါ-ဆေးဒန်းသီလာစသော အလိမ်းအကျံ၊

၈။ ဂန္ဓ=နံ့သာခဲ, နံ့သာတုံး၊

၉။ သေယျာ=ညောင်စောင်း, အင်းပျဉ်, အိပ်ရာနေရာ၊

၁၀။ ပဒီပ=မီးထွန်းရန် ဆီ, ဆီမီးခွက်၊ (၄၂၂) **(ချင်း-၇၃)**

**အာဘိသမာစာရိကသီလနှင့် အာဒိဗြဟ္မစရိသီလ**

ခုဒ္ဒ, အနုခုဒ္ဒကဖြစ်သော စာရိတ္တသီလသည် အာဘိသမာစာရိက။

ခုဒ္ဒါနုခုဒ္ဒကမှတစ်ပါးသော သိက္ခာပဒသီလသည် အာဒိဗြဟ္မစရိယသီလ။ (၄၃၁) **(မန်း-၇၃)**

**ဥပုသ်သုံးခြင်း**

မကောင်းတို့မှကင်းသည် အလုံးစုံသောစည်းစိမ်တို့မှ ကြဉ်သည်ဖြစ်၍ သီလစသောဂုဏ်တို့နှင့် တကွနေခြင်းသည် ဥပဝါသ=ဥပုသ်သုံးခြင်းမည်၏။ (၄၃၂) **(ကရင်-၆၈၊ ချင်း-၇၃)**

**သီတင်းသုံးဖော် ၅-ဦး**

၁။ ရဟန်းယောကျ်ား ၂။ သာမဏေ ၃။ သိက္ခမာန် ၄။ ရဟန်းမိန်းမ ၅။ သာမဏေမ။ (၄၃၈)**(မွန်-၇၂)**

### ပရိက္ခရာ ၈-ပါး

၁။ သပိတ် ၂၊ ၃၊ ၄။ တိစီဝရိတ် (သင်္ကန်း ၃-ထည်) ၅။ ခါးပန်းကြိုး ၆။ ပဲခွပ် (သင်တုန်းဓား) ၇။ အပ်
၈။ ရေစစ် (၄၃၉) **(ရှမ်း)**

**(ဆောင်)** သပိတ်, ခါးပန်း၊ သင်္ကန်းသုံးထည်, တလီ ပဲခွပ်၊
အပ်နှင့်ရေစစ်၊ ရှစ်ပါးဖြစ်၊ တွက်စစ် ပရိက္ခာ။

### ယမသီလ=ငါးပါးသီလနှင့် နိယမသီလ=ဥပုသ်သီလ

အမြဲခန္ဓာကိုယ်ဖြင့် ပြီးသည်ကို ငဲ့ခြင်းရှိသော ပါဏာတိပါတစသည်မှ ကြဉ်ခြင်းအမှုသည် . . . မည်၏။
အမြဲမဟုတ် ရံခါအခိုက်အတန့်ဖြင့် ပြီးစေအပ်သော ဥပုသ်သုံးခြင်းစသော အမှုသည်. . . မည်၏။ (၄၄၄)
**(ရခိုင်-၆၆)**

### ဝေဿမျိုး (အသည်သူကြွယ်မျိုး)၏ အသက်မွေးမှု ၃-မျိုး

လယ်ယာလုပ်ခြင်း, ရောင်းဝယ်ခြင်း, နွားမွေးခြင်း သုံးပါးတို့သည်. . . မည်၏။(၄၄၅)**(အထူးအောင်-၇၃)**

### စပါးမျိုး ၇-ပါး

၁။ သာလိ=သလေး (ကောက်ကြီး) ၂။ ဝီဟိ=ကောက်လတ် (ကောက်ကြမ်း) ၃။ ကုဒြူသ=လူး
၄။ ဂေါဓုမ=ဂျုံ ၅။ ဝရက=ပြောင်း ၆။ ယဝ=မုယော (ဇာလီ) ၇။ ကင်္ဂု=ဆပ်။ (၄၅၀) **(မကွေး-၆၆)**

### ဆား ၅-မျိုး

၁။ သာမုဒ္ဒ=သမုဒ္ဒရာမှဖြစ်သောဆား ၂။ သိန္ဓဝ=သိန္ဓောဆား ၃။ ကာဠလောဏ=ဆားပုပ်
၄။ ဥဗ္ဘိဒ=တွင်းထွက်ဆား ၅။ ဗိဠက=ချက်ဆား (၄၆၁) **(ကယား-၇၂)**

**(ဆောင်)** သမုဒ္ဒရာဆား, သိန္ဓောဆားနှင့်, မှတ်သားအဟုတ်, ဆားပုပ်, ချက်ဆား, တွင်းထွက်ဆား,
ငါးပါးဆားအမျိုး။

**တစ်တင်း၌ စလယ်ပေါင်း မည်မျှရှိသည်** ၆၄-စလယ်။ (၄၇၉) **(မန်း-၇၂)**
**တစ်ဝါဟ၌ ပြည်တင်းပေါင်း မည်မျှရှိသည်** တင်း-၈၀။ **(ပဲခူး-၇၃)**
တို့နှစ်ဆယ် (ခါရီ-၂၀) ၁-လှည်း **(ပဲခူး-၇၃)**

### ကောသ-ကုပ္ပ

ခုတ်ပြီး, မခုတ်သေးသော၊ ဝါ-အထည်ဝတ္ထုလုပ်ပြီး, မလုပ်သေးသော ရွှေငွေသည် ကောသမည်၏။
ခုတ်ပြီး, မခုတ်သေးသော၊ ဝါ-အထည်ဝတ္ထုလုပ်ပြီး, မလုပ်သေးသော ထိုရွှေငွေမှတစ်ပါးသောကြေးနီစသော
ဝတ္ထုသည် ကုပ္ပမည်၏။ (၄၈၆) **(ရန်ကုန်-၆၆)**

## ရွှေအထူး ၄-မျိုး

၁။ စာမီကရ=ဂိဝါရွှေ ၂။ သာတကုမ္ဘ=နီတုံရွှေ ၃။ ဇမ္ဗုနဒ=ဇမ္ဗူရာဇ်ရွှေ ၄။ သိင်္ဂီ=သိင်္ဂနိတ်ရွှေ။ (၄၈၉) (မန်း၆၆)

## ရတနာ ၇-ပါး (သယံဇာတများ)

၁။ သုဝဏ္ဏ=ရွှေ ၂။ ရဇတ=ငွေ ၃။ မုတ္တာ=ပုလဲ ၄။ မဏိ=ပတ္တမြား ၅။ ဝေဠုရိယ=ကြောင်မျက်ရွဲ ၆။ ဝဇိရ=စိန် ၇။ ပဝါဠ=သန္တာ (၄၉၀) (မန်း)

သုဝဏ္ဏံ ရဇတံ မုတ္တာ၊ မဏိ ဝေဠုရိယာနိ စ။
ဝဇိရဉ္စ ပဝါဠဉ္စ ၊ သတ္တာဟု ရတနာနိမေ။ (၄၉၀)

## ဂေါရသ ၅-မျိုး (နွားမမှဖြစ်သော အရသာ ၅-မျိုး)

၁။ ခီရ=နို့ရည် ၂။ ဒဓိ=ဒိန် (နို့ချဉ် နို့ခမ်း) ၃။ ယတ=ထောပတ် ၄။ တက္က=ရက်တက် ၅။ နောနီတ=ဆီဦး (၅၀၁) (ပဲခူး-၇၃)

## မာဂဓ၊ ဥဂ္ဂ၊ သူတ အဓိပ္ပာယ်

သုဒ္ဒမျိုးယောကျ်ားကြောင့် မင်းမျိုးမိန်းမမှ ဖွားသောသားသည် မာဂဓမည်၏။ (၅၀၃) (မန်း-၇၂)
ဥဂ္ဂ=သုဒ္ဒမျိုးမိန်းမမှ မင်းမျိုးယောကျ်ားကြောင့် ဖွားသောသားသည် ဥဂ္ဂမည်၏။ (ပဲခူး-၇၃)
သုတ=ဗြာဟ္မဏမျိုးမိန်းမမှ မင်းမျိုးယောကျ်ားကြောင့် ဖွားသောသားသည် သူတမည်၏။ (၅၀၃)(မန်း-၇၂)

## အတက်သည် ၅-မျိုး

၁။ တစ္ဆက=လက်သမား ၂။ တန္တဝါယ=ရက်ကန်းသည် ၃။ ရဇက=ခဝါသည် ၄။ နဟာပိတ=ဆေတ္တာသည် ၅။ စမ္မကာရ=ဖိနပ်ချုပ်သမား (၅၀၅) (ကယား-၇၃)

**ဂဒ္ဒူလ**=ခွေးကို ဖွဲ့ချည်သောဝတ္ထု (ခွေးသံကြိုး=တောက်)သည် ဂဒ္ဒူလမည်၏။ (၅၀၂) (ရှမ်း-၇၂)

## ပဥ္စလိကာ ၊ ပေါတ္ထလိကာ

အဝတ်, ဆင်စွယ်စသည်ဖြင့် ပြုလုပ်အပ်သော အရုပ်သည် . . . မည်၏။ (၅၂၃) (ရှမ်း-၇၂)

## အာရာမ, ဥပဝန=အာရာမ်, ခြံ, ဥယျာဉ်

မြို့မှမဝေးလွန်းသော အရပ်၌ (အေးအေးချမ်းချမ်းနေလိုသူ) လူကုံထံတို့သည် စိုက်ပျိုးအပ်သော သစ်ပင်အပေါင်းသည်. . . မည်၏။ (၅၃၇) (စစ်ကိုင်း-၆၆)

## ဥယျာန, ပမဒဝန=ဥယျာဉ်တော်, နန်းတွင်းသူတို့ဥယျာဉ်

မင်းတို့၏ လူခပ်သိမ်းတို့နှင့် ဆက်ဆံသောတောကို ဥယျာဉ်တော်။ (မကွေး-၆၆)
နန်းတွင်းသူတို့အားသာ သင့်လျော်လျောက်ပတ်သော (နန်းတွင်းသူတို့ အကျိုးငှါသာ စိုက်ပျိုးအပ်သော) ဥယျာဉ်သည် ပမဒဝန=နန်းတွင်းသူတို့ မွေ့လျော်ရာဥယျာဉ်မည်၏။ (၅၃၇)

**ဩသဓိ**

အကြင်ငှက်ပျော, ဂျုံ, စပါးစသည်သည် အသီးမှည့်သည်၏အဆုံး၌ သေတက်၏၊ ထိုငှက်ပျော, ဂျုံ, စပါးစသည်သည်. . . မည်၏။ (၅၄၁) **(ကယား-၇၂)**

**ခန္ဓ**=အမြစ်ကိုအစပြု၍ အခက်အပိုင်းအခြားတိုင်အောင်သော သစ်ပင်၏အဖို့သည်. . . မည်၏။ (၅၄၈) **(ရှမ်း-၇၂)**

**ဝီရု-စည်ပင်သောနွယ်**

အခက်, အရွက် အယှက်ယှက်တည်သော ကွမ်းစသောနွယ်သည်. . . မည်၏။ (၅၅၀) **(ရှမ်း-၇၂)**

**ဩသဓိနှင့် ဩသဓအထူး**

အသီးမှည့်ခြင်းလျှင် အဆုံးရှိသော (တစ်သီးသီးပြီးသေသော) ကဒလီ, ဝီဟိ-စသည်သည် ဇာတ်သက်သက်၌ဖြစ်မူ ဩဓသေဓိမည်၏။

အလုံးစုံသော ကဒလီ, ဝီဟိ, တိဖလ, ယတ, မဓု စသည်သည် ဇာတ်နှင့် မရောမယှက်သက်သက် ရောဂါပယ်ဖျောက်ခြင်း၌သာဖြစ်မူ ဩသဓမည်၏။ (၅၉၂) **(ကယား-၇၂)**

**ဟင်းရွတ်မျိုး ၁၀-မျိုး**

၁။ မူလ=အမြစ် ၂။ ပတ္တ=အရွက် ၃။ ကဠီရ=အညောက် ၄။ အဂ္ဂ=အညွန့် ၅။ ကန္ဒ=အဖု(အဉ)
၆။ မိဉ္ဇာ=အနှစ်(အဆန်) ၇။ ဖလ=အသီး ၈။ တစ=အခွံ, အခေါက် ၉။ ပုပ္ဖ=အပွင့် ၁၀။ ဆတ္တ=မှို

**(ဆောင်)** မြစ်, ရွက်, ညောက်, ညွန့်, ဖု, နှစ်, သီး, ခွံ, ပွင့်, မှို။ **(ပဲခူး-၇၂)**
မူလံ ပတ္တံ ကဠီရဂ္ဂံ ၊ ကန္ဒံ မိဉ္ဇာ ဖလံ တထာ။
တစော ပုပ္ဖဉ္စ ဆတ္တန္တိ ၊ သာကံ ဒသဝိဓံ မတံ။ (၅၉၃)

**ဟင်းရွက်အထူး ၅-မျိုး**

၁။ တမ္ဗက=ဟင်းနုနယ် ၂။ ကလမ္ဗက=ကန်စွန်း ၃။ ကာသမဒ္ဒ=ကစော့ ၄။ ဈဇ္ဈရီ=ကန့်ကလာ(ပြည်ပန်းရွှေ)
၅။ ဖဂ္ဂဝ=ပိတ်သင်းခတ်

မူလကော နိတ္တိယံ စုစ္စု ၊ တမ္ဗကော စ ကလမ္ဗကော။
သာကဘေဒါ ကာသမဒ္ဒ-ဈဇ္ဈရီ ဖဂ္ဂဝါဒယော။ (၅၉၈)

**(ဆောင်)** နယ်, စွန်း, စော့, လာ၊ ပိတ်သင်းပါ၊ ငါးဖြာ ဟင်းရွက်ထူး။ **(ကရင်-၇၃)**

**ကီစက=ဝါးကြိတ်မည်သံ**

အကြင်ဝါးတို့သည် အပေါက်ခေါင်းမှ ဝင်သောလေကြောင့် တုန်လှုပ်သည်ဖြစ်၍ မြည်တက်ကုန်၏၊ ထိုဝါးတို့သည်. . . မည်၏။ (၆၀၀) **(ရှမ်း-၆၆)**

**မြက်မျိုး ၇-ပါး**

၁။ ဟိန္တာလ=မင်းဘော (ဓနုန်း) ၂။ တာလ=ထန်း ၃။ ခဇ္ဇူရီ=စွန်ပလွံ ၄။ နာဠိကေရ=အုန်း
၅။ တာလီ=ပေ ၆။ ကေတကီ=ဆပ်သွား ၇။ ပူဂ=ကွမ်းသီးပင်။ (၆၀၁) **(မန်း-၆၆)**

ဟိန္တာလ တာလ ခဇ္ဇူရီ ၊ နာဠိကေရာ တထေဝ စ။
တာလီ စ ကေတကီ နာရီ ၊ ပူဂေါ စ တိဏပါဒပေါ။ (၆၀၄)

**သားကောင်အထူး ၈-မျိုး**

၁။ စမရ=စမရီ ၂။ ပသဒ=သမင်ပျောက် ၃။ ကုရင်္ဂ=ဒရယ် ၄။ မိဂမာတုကာ=ဆတ် ၅။ ရုရု=ပြောင်
၆။ ရင်္ကု=သမင်ဆီးစောက် ၇။ နီက=ချိုများသောသမင် ၈။ သရဘ=သရဘသား။ **(ကယား-၆၆)**

စမရော ပသဒေါ စေဝ ၊ ကုရင်္ဂေါ မိဂမာတုကာ။
ရုရု ရင်္ကု စ နီကော စ ၊ သရဘာဒီ မိဂန္တရာ။ (၆၁၉)

**(ဆောင်)** စမရီ သမင်ပြောက်၊ ထို့နောက်ဆက်ဖွယ်၊ ဒရယ် ဆက်ပြောင်၊ ထို့နောင်ထည့်လော့ကြ်၊
ဆီးစောက်ချိုများ၊ သားသရဘ၊ ပေါင်းရှစ်ဝ၊ လှစ်ပြသားကောင်ထူး။

**ငှက်မျိုး**

၁။ ဝဋ္ဋက=ငုံး ၂။ ဇီဝဥ္ဇီဝ=ဇီဝစိုး ၃။ စကောရ=စကောရငှက် ၄။ တိတ္တိရ=ခါ ၅။ သာဠိကာ=သာလိကာ
(ဆက်ရက်) ၆။ ကရဝီက=ကရဝိတ် ၇။ ရဝိဟံသ=ဟင်္သာ ၈။ ကုကုတ္ထက=ဘုတ် ၉။ ကာရဏ္ဍဝ=စစ်စလီ
(ရေဝမ်းဘဲ) ၁၀။ ပိလဝ=ငှက်ဘီးလူး ၁၁။ ပေါက္ခရသာတက=သက်န်းဖွပ်ငှက် (၆၂၆) **(ပဲခူး)**

**(ဆောင်)** ငုံး, ဇီဝစိုး, တစ်မျိုး စကောရ၊ ခါ ဆက်ပြ၊ တစ်ဝ ငှက်သာလီ။
ကရဝိက်, ဟင်္သာ၊ ဘုတ်ထဲ့ပါ၊ တစ်ဖြာ စစ်စလီ။
ဘီလူး, ပေါက္ခရ၊ ဆယ့်တစ်ဝ၊ မှတ်ကြ ငှက်မျိုးမည်။

**လင်းယုန် ၃-မျိုး**

၁။ သကုဏဂ္ဃိ=သိမ်း ၂။ အာင္မ=စွန် ၃။ ဒဗ္ဗိမုခဒ္ဒိဇ=ချိုးသိမ်း (၆၃၇) **(ကရင်-၆၆)**

**ဟင်္သာ ၃-မျိုးအထူး**

၁။ ရာဇဟံသာ=နီကုန်သော ခြေထောက်, နှုတ်သီးတို့ဖြင့် တင့်တယ်တောက်ပသော ကိုယ်အဆင်းဖြူသော
ဟင်္သာ။
၂။ မလ္လိကာဟံသာ=စိမ်းညစ်ကုန်သော-။
၃။ ဓတရဋ္ဌဟံသာ=မည်းနက်ကုန်သော-။ (၆၄၇) **(ကရင်-၇၃)**

### သံယတ္တိကာ-လေ့ကုန်သည်, သင်္ဘောကုန်သည်, မော်တော်ကုန်သည်

အကြင်သူတို့သည် လေ့သင်္ဘောဖြင့် ကုန်သွယ်ခြင်းကိုပြုကုန်၏၊ ထိုသူတို့သည် . . . မည်၏။ (၆၆၇)
(ရှမ်း-၇၂)

### ငါးအထူး ၁၃-မျိုး

၁။ ငါးကြင်း ၂။ ငါးခူ ၃။ ငါးကွဲ ၄။ ငါးပတ် ၅။ ငါးရံ့ ၆။ ငါးတန် ၇။ ငါးရှဉ့် ၈။ ငါးမြွေ ၉။ ငါးဖောင်ရိုး ၁၀။ ငါးမန်း ၁၁။ ငါးပူတင်း ၁၂။ ငါးခုံးမ ၁၃။ မကရ်း (၆၇၁)(၇၄-ခုနှစ်)

**(ဆောင်)** ကြင်း, ခူ, ကွဲ, ပတ် ၊ ရံ့,တန်မှတ် ၊ တစ်ရပ် ငါးရှဉ့်, မြွေ။ ဖောင်ရိုး, မန်း, တက်၊ ပူတင်းစွက်၊ ခုံးဆက် မကရ်းပေ။ မစ္ဆဘေဒ, တေရသ, ဖော်ပြဘိတာနေ။

### မြစ်အထူး ၅-မျိုး

၁။ စန္ဒဘာဂါ ၂။ သရဿတီ ၃။ နရဋ္ဌရာ ၄။ ကာဝေရီ ၅။ နမ္မဒါ (၆၈၃) **(ကချင်-၇၃)**

**အပစ္စက္ခ(မျက်ကွယ်)**-အာရုံငါးပါးကိုလွန်သော အာရုံသည်. . . မည်၏။ (၇၁၆) **(၇၇-ခုနှစ်)**
**ဥဿုက**-အလိုရှိအပ်သော အကျိုး၌ အားထုတ်သောသူသည်. . . မည်၏။ (၇၂၇) **(ကယား-၇၃)**
**ကုဏ္ဍ**-အမှုကိစ္စတို့၌ ပျင်းရိထိုင်းမှိုင်းသောသူ(အစွမ်းသတ္တိညံ့သူ, အသိဉာဏ်တုံးသူ)သည်. . . မည်၏။
(၇၂၉) **(၇၄-ခုနှစ်)**

### စပလ (လျှပ်ပေါ်လော်လီ မတည်ကြည်သူ)

အကြင်ယောက်ျားသည် မစူးစမ်းမဆင်ခြင်မူ၍ သက်ခြင်း, နှောင်ဖွဲ့ခြင်းစသော ကိစ္စကိုပြုကျင့်၏၊ ထိုယောက်ျားကို မဆုံးဖြတ်အပ်သောအမှုကို ပြုလေ့ရှိသည်၏အဖြစ်ကြောင့် စင်စစ် "စပလ-မဆင်ခြင်ဘဲ ညှင်းဆဲတက်သူ, လျှပ်ပေါ်လော်လည် မတည်ကြည်သူ "ဟူ၍ သိအပ်၏။ (၇၃၈) **(ရခိုင်-၇၃)**

### ကာကတာလိယ-ထန်းသီးကြွေခိုက် ကျီးပျံခိုက်နှင့် တူသောအမှု

မကြံမစည် မရည်မစောင် ရောက်လာသောအမှု (ထန်းသီးကြွေခိုက် ကျီးပျံခိုက်နှင့်တူသောအမှု)ကို "ကာကတာလိယ"ဟူ၍ ဆိုအပ်၏။ (၇၄၀) **(ကယား-၆၆)**

### မြင်းမိုရ်တောင်၌နေသော နဂါးအမည်

ကမ္ဗလမည်သောနဂါး၊ အဿတရမည်သောနဂါး။ **(၈၃)**

### ယဋ္ဌသဒ္ဒါ၏လိင်ကို အထောက်ပြ၍ ဆုံးဖြတ်ပါ

ယဋ္ဌော ဒ္ဒိသု ကုဋ္ဋေ နိတ္ထိ-ကိုထောက်၍ ပုံ+နပုံ **(ရခိုင်-၇၂)**
**ကဋ္ဌုဿ**-ပုမေ ကဋ္ဌုဿ ဒဗ္ဗိတ္ထိ-ကိုထောက်၍ ပုံလိင် **(ရန်ကုန်-၇၂)**
**ဂဏ္ဍီရ**-ဂဘီရပ္ပဘုတိသု တီသု-ကိုထောက်၍ သုံးလိင် **(ရန်ကုန်-၇၂)**
**ကဏ္ဍ**-ဝါဏော ကဏ္ဍမုသု ဒ္ဒိသုနှင့် ကဏ္ဍော နိတ္ထိ သရေ ဒဏ္ဍော-တို့ကိုထောက်၍ ပုံ+နပုံ **(ရှမ်း-၇၂)**

ဥတု=ထိ+နပုံ　ခုဒ္ဒ=သုံးလိင် (ရခိုင်-၆၆)
**အစ္စိ**=သိခါ ဇာလစ္စိ စာပုမေ-ကိုထောက်၍ ထိ+နပုံ **(ရန်ကုန်-၇၃)**
**မန**=စိတ္တံ စေတော မနော နိတ္ထိ-ကိုထောက်၍ ပုံ+နပုံ **(ရန်ကုန်-၇၃)**
**လာလသာ**=တွဓိကာ လာလသာ ဒွိသု-ကိုထောက်၍ ပုံ+ထိ **(ရန်ကုန်-၇၃)**
**ထူဏ**=ထမ္ဘော ထူဏော ပုမိတ္ထိယံ-ကိုထောက်၍ ပုံ+ထိ **(ရန်ကုန်-၇၃)**
**မုဋ္ဌိ**=ခဋ္ဌကော မုဋ္ဌိ စ ဒွိသု-ကိုထောက်၍ ပုံ+ထိ **(ရန်ကုန်-၇၃)**
**သက်ုံ**=သလ္လော နိတ္ထိ သက်ုံ ပုမေ-ကိုထောက်၍ ပုံလိင် **(ရှမ်း-၇၃)**
**သာခု**=သာဓွာဘိဓေယျ လိင်္ဂိကံ-ကိုထောက်၍ သာခုသဒ္ဒါသည် အဘိဓေယျသို့လိုက်သော လိင်ဖြစ်ပါသည်။
**အမ္ဗ**=
　စမ္ပကမ္ဗာဒိ ကုသုမဖလံနာမံ နပုံသကေဟူသော ပါဠိအရ အမ္ဗသဒ္ဒါသည် သရက်သီးအနက်ဟောမူ နပုံ။
**ခိပ္ပ**=ခိပ္ပါဒိ ပဏ္ဍကေ ဒဗ္ဗေ-ကိုထောက်၍ ခိပ္ပသဒ္ဒါသည် ဒြပ်မဟုတ် ဂုဏ်ဖြစ်ပါမူကား နပုံ။**(၇၅-၈၃ ခုနှစ်)**
**ဂန္ဓကုဋီ**=ဇိနဿ ဝါသဘဝန မိတ္ထိ ဂန္ဓကုဋိပျထ-ကိုထောက်၍ ဣတ္ထီလိင် **(တနင်္သာရီ-၇၂)**

## ခုဇ္ဇအစ ဥမ္ဗတ္တအဆုံးရှိသော သဒ္ဒါတို့၏လိင်

ခုဇ္ဇာဒိ ဝါစ္စလိင်္ဂိကာ-ဟူသောအဘိဓာန်ပါဠိကိုထောက်၍ ခုဇ္ဇအစ ဥမ္ဗတ္တအဆုံးရှိသောသဒ္ဒါတို့သည် ဝါစ္စသို့လိုက်သော လိင်ရှိပါသည်။ **(၈၀-ပြည့်နှစ်)**

+++ပြီးပါပြီ+++

## ဆန်းအဓိပ္ပာယ် မေးခွန်းဟောင်းများ

**"ဇဝ မညာရော စတုတ္ထာ"ဟူသောဂါထာ၏ ဂရုလဟု သင်္ချာအနေထားသည် မည်သည့် အတန့် သင်္ချာ၌ရှိသည် သင်္ချာမျှဖော်ပြပါ။**

၃၅-အတန့်သင်္ချာရှိပါသည်။ (ကချင်-၆၆)

**ပါဒတိုင်း ဇဂိုဏ်း, သဂိုဏ်း, ဂရုရှိခြင်းဟူသော လက္ခဏာသုံးပါးနှင့် ပြည့်စုံသောဂါထာ၏ အမည်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။**

ဇဂိုဏ်း, သဂိုဏ်းအထက်၌ ဂရုတစ်လုံးတိုးပွားခြင်းကြောင့် နေ့စဉ်ကြီးပွားသော သတို့သားငယ်၏တင့်တယ်ခြင်းကဲ့သို့ တင့်တယ်ခြင်းရှိသောကြောင့် ကုမာရလလိတာဂါထာဖြစ်ပါသည်။ (ကယား-၆၆)

**စပလာဂါထာ၏ ပထမ, တတိယ, ပဉ္စမ ဂိုဏ်းဌာနတို့၌ နေရမည့်ဂိုဏ်းများကို တိကျစွာ အသီးသီးဖော်ပြပါ။**

♠စပလာဂါထာ၏ ပထမဂိုဏ်းဌာန၌ နေရမည့်ဂိုဏ်းမှာ မ-ဂိုဏ်း, ဘဂိုဏ်း။

♠တတိယဂိုဏ်းဌာန၌ နေရမည့်ဂိုဏ်းမှာ မဂိုဏ်း။

♠ပဉ္စမဂိုဏ်းဌာန၌ နေရမည့်ဂိုဏ်းမှာ မ-ဂိုဏ်း, ဘဂိုဏ်းတို့ဖြစ်ပါသည်။ (ကရင်-၆၆)

**ပဋ္ဌိမေ သတ္တိတာ ဂဏာ-၌ ပဉ္စသရုပ်**

သဗ္ဗဂရု မ-ဂိုဏ်း, သဗ္ဗလဟု နဂိုဏ်း, ဘဂိုဏ်း, ဇဂိုဏ်း, သဂိုဏ်းတို့ဖြစ်ပါသည်။

**ဆန်းကျမ်း၌ အသုံးပြုမြဲဖြစ်သော ဂရုလေးမျိုး**

(၁) နိဂ္ဂဟိတ်နှောင်းသောဂရု၊ ပုံစံ=အံ-ဣံ-ဥံ-ကံ-ကိံ-ကုံ-စသည်။

(၂) သံယုဂ်နှောင်းသောဂရု၊ ပုံစံ=အတ္ထ၊ ဝိတ္ထ၊ ဗုဒ္ဓ-စသည်။

(၃) ဒီဃဂရု၊ အာ-ဧ-ဦ-ကာ-ကီ-ကူ-စသည်။

(၄) ပါဒန္တဂရု ၊ မုခစပလာနာမ သာဘဝတိ။ (ချင်း-၆၆၊ ရက-၇၃၊၈၃)

**ဂီတိဂါထာ ၄-မျိုးတွင် မတြာအများဆုံး ဂါထာ၏အမည်**

အရိယာဂီတိဂါထာ ဖြစ်ပါသည်။ (ချင်း-၆၆)

**ဝဏ္ဏဝုတ္တိဂါထာမျိုးလာ မ-ဂိုဏ်းနှင့် မတ္တာဝုတ္တိဂါထာမျိုးလာ မဂိုဏ်းတို့၏ ထူးခြားဟန်**

ဝဏ္ဏဝုတ္တိဂါထာမျိုးလာ မ-ဂိုဏ်းသည် မတြာအားဖြင့် ခြောက်မတြာရှိ၍ ဂရုသုံးလုံးကို ဂိုဏ်းဖွဲ့ရပါသည်။ မတ္တာဝုတ္တိဂါထာမျိုးလာ မ-ဂိုဏ်းသည် မတြာအားဖြင့် လေးမတြာရှိ၍ ဂရုအက္ခရာနှစ်လုံးကို ဂိုဏ်းဖွဲ့ရပါသည်။ (စစ်-၆၆)

**သမုဒ္ဒေါ သုရသာဒီနံ-၌ သမုဒ္ဒဟူသောသက်တသင်္ချာသည် အဘယ်ကိုဟောသည်**

သမုဒ္ဒဟူသော သင်္ကေတသင်္ချာသဒ္ဒါသည် ၄-ခု သင်္ချာကို ဟောပါသည်။ **(စစ်-၆၆)**

**ဆဋ္ဌော ဒိလလဟု ဇောဝါ-၏ အဓိပ္ပါယ်**

ဆဋ္ဌော ဒိလလဟု ဇောဝါ-ဟူသောပါဋ်ဖြင့် အရိယာပုဗ္ဗမှဆဋ္ဌဂိုဏ်းဌာန၌ သဗ္ဗလဟုနဂိုဏ်း (သို့မဟုတ်)ဇဂိုဏ်း ဤနှစ်ဂိုဏ်း တစ်ဂိုဏ်းဂိုဏ်းသာနေရမည်၊ တစ်ခြားဂိုဏ်းများ မနေရဟူသော အဓိပ္ပါယ်ကို ဆိုလိုပါသည်။ **(စစ်-၆၆)**

**ဝတ္တဂါထာမျိုး၌ အစတစ်လုံးနောင် ဖွဲ့သင့်သောဂိုဏ်းများ**

မ-ဂိုဏ်း, ဘဂိုဏ်း, ယ-ဂိုဏ်း, ဇဂိုဏ်း, ရ-ဂိုဏ်း, တ-ဂိုဏ်းတို့ဖြစ်ပါသည်။

**မဖွဲ့သင့်သောဂိုဏ်းများကား**။ သ-ဂိုဏ်း, နဂိုဏ်းတို့ဖြစ်ပါသည်။ **(နင်-၆၆)**

**တတိယပိုင်းလာ ယတိ ၂-ချက်စီ ပြတ်သောဂါထာများ**

တနုမဇ္ဈာ (တ-ယ)၊ ဘုဇဂသုသုသဍ္ဍာ (န-မ)၊ ကုသုမဝိစိတ္တာ (န-ယ)၊ ပမိတက္ခရာ (သ-ဇ)၊ ဝေဿဒေဝီ (မ-ယ)၊ ကမလာ (သ-ယ)။ [၄၆-၅၄-၇၉-၈၃-၈၅-၈၇]

**တတိယပိုင်းလာ ယတိသုံးချက်ပြတ်သော ဂါထာများ**

ဟရိဏီဂါထာ၊ မန္ဒက္ကန္တဂါထာ၊ ကုသုမိတလတာဂါထာ၊ မေဃဝိပ္ဖုဇ္ဇိတာဂါထာ၊ သဒ္ဒရာဂါထာ။ **(ပဲခူး/အနောက်-၆၆)**

**တဒညဇာ-၌ အညအရ၊ အညအပါဒါန်အရ (ပိုဒ်-၃၇)**

**တအရ** ။ ပဝတ္တကဂါထာ၏ သမပါဒကို ရသည်။

**အညအရ** ။ ပဝတ္တကဂါထာ၏ ဝိသမပါဒကိုယူ။

**အညအပါဒန်အရ** ။ ပဝတ္တကဂါထာ၏ သမပါဒကိုယူ။ **(ပဲခူး/အရှေ့-၆၆)**

**န ဒိဿတေတ္တ ယံ ဆန္ဒ-စသော ဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်**

ပါဠိတော် အဋ္ဌကထာ ဋီကာစသော ဂန္ထန္တရတို့၌ ဝုတ္တောဒယဆန်းကျမ်းသစ်လာ ဂါထာလက္ခဏာများနှင့်မကိုက်ညီသောဂါထာများကို တွေ့ခဲ့ပါလျှင် သာမညဂါထာဟုအမည်ပေးပါ။ (သာမညအားဖြင့် ဂါထာ-ဟုသာအမည်ပေးပါ)ဟု ဆိုလိုရင်းဖြစ်ပါသည်။ **(ပဲခူး/အရှေ့-၆၆)**

**ဆန်းကျမ်းလာ သမဂါထာ, ဝိသမဂါထာတို့၏ အဓိပ္ပါယ်ထူးခြားဟန်**

လေးပါဒလုံး ဂိုဏ်း, ဂရု-လဟု, အက္ခရာဟူသော လက္ခဏာတူသောဂါထာသည် သမဂါထာ။

လေးပါဒလုံး ဂိုဏ်း, ဂရု-လဟု, အက္ခရာဟူသော လက္ခဏာမတူသောဂါထာသည် ဝိသမဂါထာ။ **(မကွေး-၆၆)**

**လေးပါဒလုံး၏ အလယ်တည့်တည့်၌ ယတိပြက်သောဂါထာများ**

အပရာဇိတဂါထာ၊ ပွဟရဏကလိကာဂါထာ။ **(မန်း-၆၆)**

**မတ္တာဝုတ္တိဆန်း၌ အသုံးမပြုသော ဂိုဏ်းများ-**

ယ-ဂိုဏ်း၊ ရ-ဂိုဏ်း၊ တ-ဂိုဏ်း တို့ဖြစ်ပါသည်။ **(မွန်-၆၆)**

**သမဝုတ္တိနိဒ္ဒေသ-၌ လက္ခဏာတူဂါထာများ**

ရုမ္မဝတီဂါထာ၊ စမ္ပကမာလာဂါထာ၊ သသိကလာဂါထာ၊ မဏိဂုဏနိကရဂါထာတို့ဖြစ်ပါသည်။

**(မှတ်ချက်)** သသိကလာနှင့် မဏိဂုဏနိကရဂါထာတို့သည် ယတိသာထူးသည်။ **(မွန်-၆၆)**

**ဂိုဏ်း, ဂရု, လဟု, လက္ခဏာတူလျက် အမည်မတူသော သမဝုတ္တနိဒ္ဒေသလာ ဂါထာတို့၏အမည်များ**

ရုမ္မဝတီဂါထာ (၅၇)၊ စမ္ပကမာလာဂါထာ (၅၉)၊ သသိကလာဂါထာ (၉၃)၊ မဏိဂုဏနိကရဂါထာ (၉၄)။

**လည်းကောင်းတို့ကို ထပ်ဆိုရခြင်းအကြောင်း**

နာမည်အထူးကို သိစေလိုသောကြောင့် ရုမ္မဝတီဂါထာနှင့် စမ္ပကမာလာဂါထာ။ ယတိဖြတ်ပုံအထူးကို သိစေ လိုသောကြောင့် သသိကလာဂါထာနှင့် မဏိဂုဏနိကရဂါထာတို့ကို ထပ်ဆိုရပါသည်။**(၁၃၈၂-ခုနှစ်)**

**အရိယာမျိုး၌ ယ-ရ-တ ဟူသော သုံးဂိုဏ်းတို့ကို မယူရခြင်းအကြောင်းကို ပါဠိထောက်ဖြေပါ**

ယ, ရတ, တ-ဂိုဏ်းတို့သည် လေးမတ္တာကျော်လွန်သောကြောင့် မယူရခြင်းဖြစ်သည်။

**သာဓက-**ဘဇသာ သဗ္ဗဂလဟူ၊ ပဉ္စမေ သဏ္ဌိတာ ဂဏာ။

အရိယာဒိမှိ ဝိညေယျာ၊ ဂဏော ဂ္ဂမ စတုက္ကလော။ **(ကယား-၆၈)**

**ဝေဂဝတီဂါထာ၏ လက္ခဏာ**

ဝိသမပဒါဒ၌ သဂိုဏ်း (၃)ခု၊ ဂရု (၁)လုံးရှိခြင်း။

သမပါဒ၌ ဘဂိုဏ်း (၃)ခု၊ ဂရု (၂)လုံးရှိခြင်း။ **(ကယား-၆၈)**

**ပထျာဝတ္တဂါထာ၏ လက္ခဏာများ**

(၁) ပါဒတိုင်း ပါဒတိုင်း အက္ခရာ (၈)လုံးစီရှိခြင်း။

(၂) ပါဒတိုင်း အစတစ်လုံးနောင် သဂိုဏ်း နဂိုဏ်း မရှိခြင်း။

(၃) ဝိသမပါဒ အစအက္ခရာလေးလုံးနောင် ဇဂိုဏ်းရှိခြင်း။

(၄) သမပါဒ အစအက္ခရာလေးလုံးနောင် ဇဂိုဏ်းရှိခြင်း။ **(ကရင်-၆၈)**

**ပတ္ထာရနည်းဖြန့်ရာ၌ သိထားရမည့်အစီအရင် (၃)မျိုး**

(၁) ရှေ့ဆုံးဂရုအောက်၌ လဟုရေးရမည်။

(၂) ရှေ့၌လိုအပ်လျှင် ဂရုရေးရမည်။

(၃) နောက်၌လိုအပ်လျှင် အထက်တန်းနှင့်တူအောင် ရေးရမည်။ **(ကရင်-၆၈)**

**န ဇော ဝိသမေ-၌ ဝိသမအရနှင့် ဝိသမေ ဆ သိယုံ-၌ ဝိသမအရ**

န ဇော ဝိသမေ-၌ ဝိသမအရ- မဂဏာန်းကြသော ၁, ၃, ၅, ၇ ဂိုဏ်းဌာနတို့ကို ယူရမည်။
ဝိသမေ ဆ သိယုံ-၌ ဝိသမအရ- ပထမ တတိယပါဒတို့ကို ယူရမည်။ **(ကရင်-၆၈)**

**ဝိနာ ဝဏ္ဏေဟိ မတ္တာ ဂါ-ဟူသော ပရိဘာသာစကား၏ ဆိုလိုရင်း အဓိပ္ပာယ်**

မတြာ သင်္ချာတို့ကို အက္ခရာသင်္ချာတို့ဖြင့် နှုတ်သော် ဂရုသင်္ချာတို့ဟူ၍ သိအပ်ကုန်၏။ **(ချင်း-၆၈)**

**မတ္တာဝုတ္တိနိဒ္ဒေသလာ နဂိုဏ်းနှင့် ဝဏ္ဏဝုတ္တိနိဒ္ဒေသလာ နဂိုဏ်းတို့၏ ထူးခြားဟန်**

မတ္တာဝုတ္တိနိဒ္ဒေသလာ နဂိုဏ်းသည် လေးမတြာလုံး လဟုဖြစ်ပါသည်။ (ဝါ) လဟု (၄)လုံးဖြစ်သည်။
ဝဏ္ဏဝုတ္တိနိဒ္ဒေသလာ နဂိုဏ်းသည် အက္ခရာ (၃)လုံးလုံး လဟုဖြစ်သည်။ ဤသို့ ထူးခြားသည်။ **(စစ်-၆၈)**

**လေးပါဒလုံးတွင် (၈)လုံးမြောက် (၇)လုံးမြောက်၌ ယတိရှိ၍ နဂိုဏ်း(၂)ဂိုဏ်း**
**မဂိုဏ်း(၁)ဂိုဏ်း ယဂိုဏ်း (၂)ဂိုဏ်းတို့ဖြင့် ဖွဲ့စီထားသောဂါထာပါဠိ**

န န မ ယ ယ ယုတာယံ မာလိနီ ဘောဂိသီတိ။ (၉၅) **(နင်-၆၈)**

**တိဋ္ဌုဘ(တုဋ္ဌုဘ)ဆန်း၌ မရနိုင်သောဂိုဏ်းများ** = ယဂိုဏ်း၊ သဂိုဏ်း။ **(နင်-၆၈)**

**ပဋ္ဌိမေ သဏ္ဌိတာ ဂဏာ-၌ ပဋ္ဌသရုပ်** = ဘ ဇ သ သဗ္ဗဂရု သဗ္ဗလဟု ဂိုဏ်းတို့ကိုယူ။ **(ပဲ-၆၈)**

**၂၁၁၊ ၁၂၂ ဂါထာ၏ ဥဒ္ဒိဋ္ဌအတန့်သင်္ချာ** = (၁၃)တန့်သင်္ချာဖြစ်ပါသည်။ **(ပဲ-၆၈)**

**တဒညဇာစာရုဟာသိနီ-၌ တအရ, အညအရ**

တအရ = ပဝတ္တကဂါထာ၏ သမပါဒကိုယူ။ အညအရ = ပဝတ္တကဂါထာ၏ ဝိသမပါဒကိုယူ။ **(ပဲ-၆၈)**

**ဒွယမိဒံ ဝေတာလီယပ္ပဘေဒေါ-၌ ဒွယအရ ယူရမည့်ဂါထာ** = အပရဝတ္တဂါထာ, ပုပ္ဖိတဂ္ဂါဂါထာ။ **(ပဲ-၆၈)**

**ဝုတ္တောဒယကျမ်းနှင့် မညီညွတ်သောဂါထာတို့ကို မည်ကဲ့သို့ အမည်ပေးရမည် သာဓကပြ ဖြေဆိုပါ။**

သာမညဂါထာဟု အမည်ပေးရမည်။
**သာဓက** = န ဒိဿတေတ္ထ ယံ ဆန္ဒံ- စသောဂါထာ။ [၁၂၈] **(ရှမ်း-၆၈)**

**ဝိနာ ဝဏ္ဏေဟိ မတ္တာ ဂါ-စသောဂါထာဖြင့် အရိယာပထျာအစရှိသောဂါထာတို့၌ ဂရု, အက္ခရာ, လဟု အရေအတွက်တို့ကို သိစေခြင်းငှါ ပြဆိုသော နည်းဥပဒေသ(၃)မျိုး**

(၁) မတြာသင်္ချာကိုတည် အက္ခရာသင်္ချာကိုနှုတ်လျှင် ဂရုသင်္ချာဖြစ်၏။
(၂) မတြာသင်္ချာကိုတည် ဂရုသင်္ချာကိုနှုတ်လျှင် အက္ခရာသင်္ချာဖြစ်၏။

(၃) အက္ခရာသင်္ချာကိုတည် ဂရုသင်္ချာကိုနုတ်လျှင် လဟုသင်္ချာဖြစ်၏။ **(ရှမ်း-၆၈)**

**အဘယ်ကို ပါဒဟု ခေါ်သနည်း** = ဂါထာ၏လေးဘို့တစ်ဘို့ကို ပါဒဟု ခေါ်သည်။ **(အထူးအောင်-၆၈)**

**ဝဏ္ဏဝုတ္တိဆန်း၌ ရထိုက်သောဂိုဏ်း**= မ-န-ဘ-ရ-ဇ-သ-ယ-တ (၈)ဂိုဏ်း အကုန်ရပါသည်။
**မတ္တာဝုတ္တိဆန်း၌ ရထိုက်သောဂိုဏ်း**= သဗ္ဗဂရုမ-ဂိုဏ်း, သဗ္ဗလဟု နဂိုဏ်း, ဘဂိုဏ်း, ဇဂိုဏ်း, သဂိုဏ်း တို့ဖြစ်သည်။ **(ရက-၆၆)**

**ဆန်းကျမ်းလာ အက္ခ, သရ, ဟရသဒ္ဒါတို့ ဟောနိုင်သောသင်္ချာတို့ကို အကြောင်းပြဖြေပါ။**
အက္ခသဒ္ဒါသည် က္ကန္ဓြေအနက်ကိုဟော၏၊ က္ကန္ဓြေ(၅)မျိုးရှိသောကြောင့် သင်္ချာ၅-ဖြစ်ပါသည်။
သရသဒ္ဒါသည် ရေအိုင်အနက်ကိုဟော၏၊ ရေအိုင်(၇)ခုရှိသောကြောင့် သင်္ချာ၇-ဖြစ်ပါသည်။
ဟရသဒ္ဒါသည် သိဝအနက်ကိုဟော၏၊ သိဝအနက်(၁၁)မျိုးရှိသောကြောင့်. . . ။ **(ရှမ်း/တောင်-၆၆)**

**န ဇော ဝိသမေ၊ ဝိသမေ ယဒိ သာ သ လဂါ သမေ-တို့၌ပါသော ဝိသမသဒ္ဒါနှစ်ခုအထူး**
♠န ဇော ဝိသမေ-၌ ဝိသမကား အရိယာစသောဂါထာတို့၌ အမှုနှစ်ပါးဝယ် ပထမ, တတိယ, ပဥ္စမ, သတ္တမ ဟူသော မ-ဂဏာန်းကျသော ဂိုဏ်းဌာနတို့ဖြစ်၏။
♠ဝိသမေ ယဒိ သာ သ လဂါ သမေ-၌ ဝိသမကား အဒ္ဓသမဝုတ္တိနိဒ္ဒေသ စတုတ္ထပိုင်း ပထမ, တတိယပါဒတို့၌ ဖြစ်၏၊ ဤသို့ထူးပါသည်။ **(ရှမ်း/တောင်-၆၆)**

**ဝေဂဝတီနှင့် ဘဒ္ဒဝိရာဇ-ဆန်းဂါထာတို့၌ ဝေဂအရနှင့် ဘဒ္ဒအရတို့ကို ကောက်ပြပါ**
♠ဝေဂဝတီ၌ ဝေဂအရ သ-ဂိုဏ်း, ဘဂိုဏ်း, ဂရုတို့၏ အဖန်တလဲလဲ ဖြစ်ခြင်းကိုယူရမည်။
♠ဘဒ္ဒဝိရာဇ-၌ ဘဒ္ဒအရ ဘဒ္ဒဝိရာဇဂါထာ၌လာသော တ-ဂိုဏ်း, ဇဂိုဏ်း စသည်ကိုယူရမည်။
**(ရှမ်း/မြောက်-၆၆)**

**အဘယ်အက္ခရာမျိုးကို ဂရုဟု ခေါ်သည်**
သံယုဂ်၏ အစအက္ခရာ၊ ဒီဃအက္ခရာ၊ နိဂ္ဂဟိတ်နှောင်းသောအက္ခရာ၊အချို့ပါဒန္တအက္ခရာ ဤအက္ခရာတို့ကို ဂရုဟုခေါ်သည်။ **(ရှမ်း/အရှေ့-၆၆)**

**ပစ္စဝုတ္တိဂါထာနှင့် အပရန္တိကဂါထာအထူး**
**ပစ္စဝုတ္တိဂါထာ၌**
၁။ ဝိသမအစခြောက်မတြာနောင် ရ-ဂိုဏ်း လဟု, ဂရုရှိခြင်း၊
၂။ သမအစရှစ်မတြာနောင် ရ-ဂိုဏ်း လဟု, ဂရုရှိခြင်း၊
၃။ သမအစ ဂရု, ဇဂိုဏ်းရှိခြင်း ဤလက္ခဏာ သုံးချက်ပြည့်စုံခြင်း။

**အပရန္တိကဂါထာ၌**
၁။ လေးပါဒလုံး အစရှစ်မတြာနောင် ရ-ဂိုဏ်း လဟု, ဂရုရှိခြင်း၊

၂။ လေးပါဒလုံးအစ၌ လဟုခြောက်ခု တဆက်တည်းမရှိခြင်း၊ ဤသို့ထူးပါသည်။ **(ရှမ်း/အရှေ့-၆၆)**

**ပရေ ပါဒါဒိသံယောဂေ အဓိပ္ပါယ်ကို ပုံစံထုတ်၍ ရှင်းပြပါ**

ဒဿနရသာ နုဘဝနေ၊ နိဗ္ဗဂေဓာ ဇိနဿ ယံ ဇနတာ၊
ဝိမုယ ဇနနိ သညတ၊ ကြိယာနု ကံ နာ နုရဥ္စယတိ။

ဤပြယုဂ်၌ ကြိယာ-ဟူသော သံယုဂ်၏ရှေးဖြစ်သော တ-သည် သံယောဂါဒိဂရုဖြစ်သင့်သော်လည်း ပါဒ၏အစ သံယုဂ်နှောင်းခြင်းကြောင့် လဟု-ဟူ၍သာ မှတ်ရမည်။ **(ရခ-၆၆)**

**လက္ခလက္ခဏသံယုတ္တံ-၌ လက္ခ, လက္ခဏအဓိပ္ပါယ်**

အရိယာအစရှိသော မတ္တာဝုတ္တိ၊ တနုမဇ္ဈာအစရှိသော ဝဏ္ဏဝုတ္တိသည် မှတ်အပ်သော ဥဒါဟရုဏ် ဖြစ်သောကြောင့် လက္ခမည်ပါသည်။

ထိုအရိယာအစရှိသော မတ္တာဝုတ္တိ၊ တနုမဇ္ဈာ-အစရှိသော ဝဏ္ဏဝုတ္တိတို့၏ မတြာ, ဂိုဏ်း, ဂရု, လဟုတို့ဖြင့်မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏမည်ပါသည်။ **(အထူးအောင်-၆၆)**

**ဆန်းနှင့်ဂါထာအထူး**

အက္ခရာလုံးရေကို မှတ်သားခြင်းသည် ဆန်းမည်၏။ ဂိုဏ်း, ဂရု, လဟုတို့ကို မှတ်သားခြင်းသည် ဂါထာမည်၏။ **(ကချင်-၇၀)**

**ဆန်းနှင့် ဂါထာအထူး**

အက္ခရနိယမော ဆန္ဒံ-အက္ခရာကို သက်မှတ်ခြင်းသည် ဆန်း။
ဂရုလဟုနိယမော ဝုတ္တိ-ဂရုလဟုတို့ကို သတ်မှတ်ခြင်းသည် ဂါထာ၊ ဤသို့ထူးပါသည်။

**အရိယာသာမညဂါထာနှင့် ပထျာအရိယာဂါထာတို့ အထူး**

အရိယာသာမညဂါထာသည် ပဌမ, တတိယပါဒတို့၌ ဂိုဏ်း(၃)ခုနှင့်ယှဉ်သည်လည်း ရှိ၏၊ ဂိုဏ်း(၃) ခုထက် ပိုလွန်သည်လည်းရှိ၏၊ ပထျာအရိယာဂါထာကား ပဌမ, တတိယပါဒတို့၌ ဂိုဏ်း(၃)ခုနှင့်သာ ယှဉ်၏။ ဤသို့ထူး။ **(ကရင်-၇၀)**

**တနုမဇ္ဈာဂါထာသည် မည်သည့်ပတ္ထာရအတန်းတွင် ရှိပါသနည်း**

၁၃-တန်းမြောက် ပတ္ထာရအတန်းတွင် ရှိပါသည်။ **(မကွေး-၇၀)**

**ဂဏော က္ကမ စတုက္ကလော-ဟူသောစကားကို မုချ မှတ်ထိုက်, မမှတ်ထိုက်**

ဝေတာလီဂါထာ, ဩပစ္ဆန္ဒသကဂါထာတို့၌ စတုက္ကလမဟုတ်သော ရဂိုဏ်း, ယဂိုဏ်းတို့ကို အသုံးပြုထား ခြင်းကြောင့် မမှတ်ထိုက်ပါ။ **(မွန်-၇၀)**

**ဝိပုလဂါထာ၏ ပုဗ္ဗမှ, အပရမှ(၂)ပါးစုံ၌ ကျော်လွန်နေသော ဂိုဏ်း, အက္ခရာ, မတြာ**

ပုဗ္ဗမှ-၌ ကျော်လွန်သောဂိုဏ်း (၃)ဂိုဏ်း၊ ယိ-အက္ခရာ၊ (၁)မတြာ။
အပရမှ-၌ ကျော်လွန်သောဂိုဏ်း (၃)ဂိုဏ်း၊ မို-အက္ခရာ၊ (၁)မတြာ။ **(ရက-၇၀)**

**တပေါ စ ဗြဟ္မစရိယဉ္စ-စသောဂါထာသည် ပါဒ(၃)ခုတွင် အက္ခရာ(၉)လုံးရှိသောကြောင့် ပထျာဝတ္တဂါထာထဲတွင် သွင်းနိုင်/မသွင်းနိုင်**

ၾငင်းဂါထာဝယ် (၈)လုံးဖွဲ့ဖြစ်စေရန် စရိ, အရိ, ကိရိ-တို့၌ လဟု(၂)လုံးကို ဂရု(၁)လုံးအဖြစ်ထား၍ ယူရ လေသောကြောင့် ပထျာဝတ္တဂါထာတွင် သွင်းနိုင်သည်။ **(ရှမ်း-၇၀)**

**ပါဒါကုလကဂါထာနှင့် ဥပဇာတိဂါထာတို့၏ ထူးခြားချက်**

ပါဒါကုလကဂါထာသည် မတ္တာသမက-စသော မတ္တာဝုတ္တ(၅)ဂါထာတို့နှင့်သာ ရောနှော၍ အရာကျဉ်း၏။ ဥပဇာတိဂါထာသည် ဣန္ဒဝဇိရာအစရှိသော ဝဏ္ဏဝုတ္တိဂါထာများစွာနှင့် ရောနှောနိုင်သောကြောင့် အရာ ကျယ်၏။ **(ဧ-၇၀)**

**ပါဒါကုလကနှင့် ဥပဇာတိအထူး**

ပါဒါကုလကဂါထာသည် မတ္တာသမကစသော (၅)ဂါထာတို့၏ပါဒနှင့်သာ ရောယှက်နိုင်သောကြောင့် အရာကျဉ်း၏၊ ဥပဇာတိဂါထာကား ဣန္ဒဝဇိရာ, ဥပေန္ဒဝဇိရာ စသောဂါထာများစွာတို့၏ ပါဒတို့နှင့် ရောယှတ်နိုင် သောကြောင့် အရာကျယ်၏၊ ဤသို့ထူးပါသည်။

**ဝေတာလီမျိုး အပရဝတ္တ, ပုပ္ဖိတဂ္ဂါနှစ်ပါးကို အဘယ်အကျိုးငှါ စတုတ္ထပိုင်း၌ ဆိုရသည်**

အဓုသမဝုတ္တိမျိုး၌ ဝေတာလီအမည်မှတစ်ပါးသော အပရဝတ္တဂါထာဟူသောအမည်ထူး ဩပစ္ဆန္ဒသ ကအမည်မှတစ်ပါး ပုပ္ဖိတဂ္ဂါဂါထာဟူသော အမည်ထူးတို့ကို သောတုဇနတို့ သိစေခြင်းအကျိုးငှါ စတုတ္ထပိုင်း၌ ဆိုရသည်။ **(ကယား-၇၂)**

**မတ္တာဝုတ္တိဆန်း၌ မသုံးစွဲရသောဂိုဏ်းများကို အကြောင်းနှင့်တကွ ဖော်ပြပါ**

မတ္တာဝုတ္တိဆန်း၌ လေးမတြာရှိသော ဂိုဏ်းတို့ကိုသာ သုံးသောကြောင့် ငါးမတြာရှိသော ယ-ဂိုဏ်း, ရဂိုဏ်း, တ-ဂိုဏ်းတို့ကို မသုံးစွဲရပါ။ **(ကရင်-၇၂)**

**ပါဒမေက္ခရာရမ္ဘ ယာဝဆဗ္ဗီသတက္ခရာတို့ဝယ် ယူရမည့် ပါဒ**

ပါဒမေက္ခရာအရ တစ်လုံးသောအက္ခရာရှိသော ပါဒကိုယူရပါမည်။
ဆဗ္ဗီသတက္ခရာအရ ၂၆-လုံးသောအက္ခရာရှိသော ပါဒကိုယူရပါမည်။ **(စစ်-၇၂)**

**ဆန်းကျမ်း၏ ပရိမာဏဂုဏ်ပုဒ် ၃-ပါး**

၁။ အရိယာစသောမတြာ, တနုမဇ္ဈာစသော ဝဏ္ဏအပြားရှိခြင်း၊
၂။ မှတ်သားအပ်သော ဥဒါဟရဏ် မှတ်ကြောင်းသုတ်နှင့် ယှဉ်ခြင်း၊

၃။ ကြည်လင်သန့်ရှင်းသော အနက်ပုဒ်စသည်နှင့် ယှဉ်ခြင်း။

**အရိယာမျိုး၌လာသော ဝိသမ, သမနှင့် အနုသမဝုတ္တိမျိုး၌လာသော ဝိသမ, သမအထူး**
အရိယာမျိုး၌လာသော ဝိသမသည် မ-ကျသော ၁, ၃, ၅, ၇ ဌာနများကိုဆိုသည်၊
သမပါဒကား စုံကျသော ၂, ၄, ၆, ၈ ဌာနများကိုဆိုသည်။
အနုသမဝုတ္တိမျိုး၌လာသော ဝိသမသည် ပထမနှင့် တတိယပါဒကို ဆိုသည်၊
သမပါဒကား ဒုတိယနှင့် စတုတ္ထပါဒတို့ကို ဆိုသည်။ ဤသို့ထူးပါသည်။ **(မန်း-၇၂)**

**ဆန်းမည်ခြင်းအကြောင်း**

အက္ခရာအတိုင်းအရှည်တို့၌ တွေဝေခြင်းကို ဖြတ်တောက်ကြောင်းဖြစ်သောကြောင့် ဆန်းမည်ပါသည်။
(မွန်-၇၂)

**ဝိသမဂါထာ၏ သဘောလက္ခဏာ**

လေးပါဒလုံး ဂိုဏ်း, ဂရု, လဟု အက္ခရာမတူသောဂါထာသည် ဝိသမဂါထာမည်၏။ **(မွန်-၇၂)**

**အနုဋ္ဌုဘဆန်းလာ ငါးဂါထာတို့ကို ဝတ္တပ္ပဘေဒတို့၌ ထည့်သွင်းလျှင် သင့်/မသင့်**
ပါဒတိုင်း အက္ခရာ ၈-လုံးစီရှိခြင်း၊ ပါဒတိုင်း အစ ၁-လုံးနောင် သဂိုဏ်း, နဂိုဏ်းမရှိခြင်းတို့ကြောင့် ထည့်သွင်းလျှင် သင့်ပါသည်။ **(ရန်ကုန်-၇၂)**

**ဝိသမဂိုဏ်းဌာန၌ နေသင့်သောဂိုဏ်း= ဇဂိုဏ်း**
**မနေသင့်သောဂိုဏ်း=** ဇဂိုဏ်းမှတစ်ပါး အခြားသောဂိုဏ်းများ။ **(ရှမ်း/အရှေ့-၇၂)**

**ဂဏော ဣစ စတုက္ကလော-၏ အဓိပ္ပါယ်**

ဂဏော ဣစ စတုက္ကလောဟူသောပါဠိဖြင့် အရိယာစသောမတ္တာဝုတ္တိဂါထာမျိုး၌ များသောအားဖြင့် ၄-မတြာရှိသော ဂိုဏ်းတို့ကိုသာ အသုံးပြုသည်ဟူသော အဓိပ္ပါယ်ကို ပြသည်။ **(ရှမ်း/အရှေ့-၇၂)**

**ပထျာအရိယာစသော ဂါထာတစ်ခုခု၌ရှိသည့် ဂရုသင်္ချာ, ဝဏ္ဏသင်္ချာ, လဟုသင်္ချာတို့ကို သိရှိလိုသော် မည်သို့ရှာရပါမည်နည်း**

မတြာသင်္ချာကိုတည် ဝဏ္ဏသင်္ချာတို့ကိုနုတ်က ဂရုသင်္ချာဖြစ်သည်။
မတြာသင်္ချာကိုတည် ဂရုသင်္ချာကိုနုတ်လျှင် ဝဏ္ဏသင်္ချာဖြစ်သည်။
ဝဏ္ဏသင်္ချာကိုတည် ဂရုသင်္ချာကိုနုတ်လျှင် လဟုသင်္ချာဖြစ်သည်။ **(ရှမ်း/အရှေ့-၇၂)**

**ရုမ္မဝတီနှင့် စမ္ပကမာလာဂါထာတို့သည် ဂိုဏ်း, ဂရုလက္ခဏာတူပါလျက် ထပ်ဆိုရခြင်းအကြောင်း**
နာမည်အထူးကို သိစေလိုသောကြောင့် စမ္ပကမာလာဂါထာကို ထပ်ဆိုရသည်။ **(ဧ-၇၂)**

**ပထျာဝတ္တဂါထာနှင့် ဝိဂ်လဝိပုလာဂါထာတို့၏ ထူးခြားချက်**

ပထျာဝတ္တဂါထာသည် သမပါဒအစ အက္ခရာလေးလုံးနောင် ဇဂိုဏ်းရှိခြင်း၊
ဝိဂ်လဝိပုလာဂါထာသည် သမပါဒ သတ္တမအက္ခရာသည် လဟုဖြစ်ခြင်း၊ ဤသို့ထူးပါသည်။ **(အထူး-၇၂)**

**သမဝုတ္တိနိဒ္ဒေသလာ ဂိုဏ်းအမည်နှစ်မျိုးဖြင့် ဖွဲ့စီသောဂါထာများ**

တနုမဇ္ဈာဂါထာ၊ ဘုဇဂသုသုသဋ္ဌာဂါထာ၊ ကုသုမဝိစိတ္တာဂါထာ၊ ပမိတက္ခရာဂါထာ၊ ဝေဿဒေဝီဂါထာ၊ ကမလဂါထာ။ **(ကချင်-၇၃)**

**သမဝုတ္တိမျိုး၌ ပါဒမဇ္ဈယတိနှစ်ချက် ပြတ်သောဂါထာများ**

ဟရိဏီ၊ မန္ဒက္ကန္တာ၊ ကုသုမိတလတာ ဝေလ္လိတာ၊ မေဃဝိပ္ဖုဇ္ဇိတာ၊ သဒ္ဒရာ။ **(ကယား-၇၃)**

**ဝတ္တမျိုး၌ "အစတစ်လုံးနောင် သ-နရှောင်"ဟူသော စကားသည် မှုချဟုတ်/မဟုတ်**

ကီသုအဓိပတိရာဇာ စသောပါဠိတော်ဂါထာများ၌ အစတစ်လုံးနောင် န-ဂိုဏ်းမရှောင်ခြင်း၊
ပုဗ္ဗဝိဒေဟော စာပရ စသောဂါထာများ၌ အစတစ်လုံးနောင် သ-ဂိုဏ်း မရှောင်ခြင်းတို့ကို ထောက်၍ မှုချမဟုတ်ပါ။

**ဂါထာအပြားကို အဓိပ္ပာယ်နှင့်တကွ ဖော်ပြပါ**

လေးပါဒလုံး ဂိုဏ်း, ဂရု-လဟုဟူသော လက္ခဏာတူသောဂါထာသည် သမဂါထာ။
လေးပါဒရှိသောဂါထာ၌ ပထမပါဒနှင့် တတိယပါဒသည်လည်းကောင်း၊ ဒုတိယပါဒနှင့် စတုတ္ထပါဒသည်လည်းကောင်း ဂိုဏ်း, ဂရု-လဟုဟူသော လက္ခဏာတူသောဂါထာသည် အဍ္ဍသမဂါထာ။
လေးပါဒလုံး ဂိုဏ်း, ဂရု-လဟု, အက္ခရာဟူသော လက္ခဏာမတူသောဂါထာသည် ဝိသမဂါထာ။ **(နင်-၇၃)**

**ယတိအဓိပ္ပါယ်**

ရွတ်ဆိုသည့်အခါ ပုဒ်တို့ကို ဖြတ်ခြင်း မရွတ်ဆိုဘဲ ရပ်နားထားခြင်းသည် ယတိမည်၏။ **(မန်း-၇၃)**
ဝါတောမ္မီသာ ယတိ-၌ ယတိအရပါဒမဇ္ဈယတိဖြစ်ပါသည်။ **(မန်း-၇၃)**

**သမဝုတ္တိနိဒ္ဒေသ-တတိယပရိစ္ဆေဒလာ ဂိုဏ်းဂရုမတြာတူပါသော်လည်း အမည်မတူသောဂါထာများ**

ရုမ္မဝတီ၊ စမ္ပကမာလာ၊ သသီကလာ၊ မဏိဂုဏနိကရ-ဂါထာ။ **(မွန်-၇၃)**

**ပထျာအရိယာနှင့် ဝိပုလာအရိယာအထူး**

ပထျာအရိယာကား ပုဗ္ဗမှ အပရမှနှစ်ပါးစုံ၌ ပထမ တတိယပါဒအစုံတို့ ၃-ဂိုဏ်းနှင့် ယတိပြတ်ခြင်း၊
ဝိပုလာအရိယာကား ၃-ဂိုဏ်းနှင့်ယတိမပြတ်၊ ယတိခုန်ကျော်၏၊ ဤသို့ထူးပါသည်။ **(ရှမ်း/အရှေ့-၇၃)**

**ဂီတိမျိုးဂါထာတို့၏ အမည်နှင့် မတြာအရေအတွက်**

♠ဂီတိဂါထာ=မတြာ ၆၀
♠ဥပဂီတိဂါထာ=မတြာ ၅၄
♠ဥဂ္ဂီတိဂါထာ=မတြာ ၅၇
♠အရိယာဂီတိဂါထာ=မတြာ ၆၄ (ရှမ်း/အရှေ့-၇၃)

**ပဋ္ဌာရဖြန့်ရခြင်းအကျိုး**

ပဋ္ဌာရဖြန့်ခြင်းသည် အကျယ်ဖြစ်သောအနက်ကို သိရခြင်းအကျိုးရှိပါသည်။ (၁၃၇၄-ခုနှစ်)

**ဝေတာလီယောပမံ-၌ ဝေတာလီဂါထာ၏ လက္ခဏာအားလုံးကို ယူသင့်/မယူသင့်**

မယူသင့်ပါ။

ဝေတာလီဂါထာ၏ ဝိသမပါဒအစ ခြောက်မတြာလက္ခဏာ, သမပါဒ၌ ရှစ်မတြာလက္ခဏာနှစ်ပါးကိုသာ ယူရမည်။ (၁၃၇၅-ခုနှစ်)

**ဆန်းကျမ်း၌ ဝဏ္ဏဝုတ္တိဂိုဏ်းအား ရှစ်ခုယူရခြင်းအကြောင်း**

ဝုတ္တောဒယဆန်းကျမ်း၌ ဝဏ္ဏဝုတ္တိဂိုဏ်းကို မဇ္ဈာဆန်း, ပဋ္ဌာရရှစ်တန့်ပြန့်သောကြောင့် ရှစ်ခုယူရပါသည်။ (၁၃၇၆-ခုနှစ်)

**"ဂဏော ဣမ စတုက္ကလော"ဟူသော စကားရပ်ကို မုချမှတ်သင့်/မမှတ်သင့်**

ဝေတာလီဂါထာနှင့် ဩပစ္ဆန္ဒသကဂါထာတို့၌ ယ-ဂိုဏ်း, ရ-ဂိုဏ်းတို့နှင့် ယှဉ်သောအခါ (၅)မတြာရှိသောကြောင့် "ဂဏော ဣမ စတုက္ကလော" ဟူသော စကားကို မုချမမှတ်သင့်ပါ။ (၁၃၇၈-ခုနှစ်)

**ပိဂ်လဝိပုလာဂါထာ၌ သတ္တမမြောက်အက္ခရာဝယ် လဟုဖြစ်အောင် နေနိုင်သည့်ဂိုဏ်းများ**

တ-ဂိုဏ်း, ဇဂိုဏ်း, ဘ-ဂိုဏ်း, န-ဂိုဏ်းတို့ဖြစ်ပါသည်။ (၁၃၇၈-ခုနှစ်)

**ပါဒန္တဂရုသာရသင့်၍ ကျန်ဂရုသုံးပါး အမြဲမရသင့်သောဂါထာများ**

ဒွိဟတ ဟယ လဟု ရ'ထ ဂိ'တိ သသိကလာ (၉၃)
ဝသု ဟယ ယတိရိဟ မဏိဂုဏနိကရော (၉၄) (၁၃၇၉-ခုနှစ်)

**သမုဒ္ဒ, ဥသု, ရသ-စသော သင်္ချာတို့သည် မည်သည့်သင်္ချာဖြစ်သည်**

ဝုတ္တောဒယဆန်းကျမ်းလာ သမုဒ္ဒ, ဥသု, ရသ-စသော သင်္ချာတို့သည် ဝိဒေယျာ လောကတော သညာ-ပါဌ်ကိုထောက်၍ သင်္ကေတသင်္ချာသဒ္ဒါတို့ဖြစ်ပါသည်။ (၁၃၇၉-ခုနှစ်)

**ပဋ္ဌာရ၏အဓိပ္ပါယ်**

အကျဉ်းဖြစ်သောအနက်ကို အကျယ်ချဲ့၍ ဖြန့်ပြခြင်းသည် ပဋ္ဌာရမည်ပါသည်။ (၁၃၈၀-ခုနှစ်)

**ဆန်းတတိယပိုင်းလာ ဂိုဏ်း, ဂရု, လဟုလက္ခဏာတူသောဂါထာအမည်**

ရုမ္မဝတီဂါထာနှင့် စမ္ပကမာလာဂါထာ။

သသိကလာဂါထာနှင့် မဏိဂုဏနိကရဂါထာ။ **(၈၂-ခုနှစ်)**

**ယင်းသို့တူပါလျက် ၎င်းတို့ကို ထပ်ဆိုရခြင်းအကြောင်း**

အမည်အထူးကို သိစေလိုသောကြောင့်. . .။ (မေဒနီ-၂၅၆) **(၈၂-ခုနှစ်)**

♦မှတ်ချက် = အမည်ထူးကို သိစေလိုသောကြောင့် စမ္ပကမာလာဂါထာကို ထပ်ဆိုသည်၊ အမည်ထူးကို သိစေလို သောကြောင့်လည်းကောင်း၊ ယတိဖြတ်ပုံအထူးကို သိစေလိုသောကြောင့်လည်းကောင်း မဏိဂုဏနိကရဂါထာကို ထပ်ဆိုသည်ဟု ခွဲဖြေပါကလည်း အမှတ်ပြည့်ပေးရန်။

**ပစ္စဝုတ္တိဂါထာ၏ သမလက္ခဏာနှင့် ဥဒိစ္စဝုတ္တိဂါထာ၏ ဝိသမလက္ခဏာတို့ဖြင့် ဖွဲ့စီထားသောဂါထာ**

ပဝတ္တကဂါထာ။ (ဂါထာနံပါတ်-၃၅) **(၈၃)**

**အရိယာဂါထာ၏အခြားမဲ့၌ ဂီတိဂါထာကို ဆိုရခြင်းအကြောင်း**

ဂီတိဂါထာမျိုးသည် အရိယာဂါထာနှင့် ဂိုဏ်း, ဂရု, လဟု လက္ခဏာတူသောကြောင့် အရိယာမျိုး၏ အခြားမဲ့၌ ဂီတိမျိုးကို ပြအပ်ပါသည်။ **(၈၃)**

**ကုမာရလလိတာဂါထာ မည်ခြင်းအကြောင်း**

ဇဂိုဏ်း သဂိုဏ်းတို့၏အထက်၌ ဂရုတစ်လုံးတိုးပွားရကား နေ့စဉ်နေ့စဉ်ကြီးပွားသော သတို့သားငယ်၏ တင့်တယ်ခြင်းကဲ့သို့ တင့်တယ်ခြင်းရှိသောကြောင့် "ကုမာရလလိတာဂါထာ" မည်ပါသည်။

[သတို့သားနှယ် စမ္ပယ်ကွန့်မြူး အထူးပင်တင့်တယ်သောကြောင့် ကုမာရလလိတာဂါထာမည်၏"ဟု နိဿယသစ်၌ အနက်ယောဇနာတော်မူသည်။] **(၈၃)**

**သာမညဝိပုလာဂါထာအပြား**

(၁) အာဒိဝိပုလာ = မုခဝိပုလာ။ (၂) အန္တဝိပုလာ = ဇဃနဝိပုလာ။ (၃) ဥဘယဝိပုလာ = သဗ္ဗဝိပုလာ။ **(၈၃)**

## ဆန်းပါဠိ မေးခွန်းဟောင်းများ

[(၄)ပါဒလုံး] ဂရုချည်းသာ ဖွဲ့စီထားသောဂါထာ = ဝိဇ္ဇုမ္မာလာဂါထာ [၄၉]။
လဟုချည်းသာ ဖွဲ့စီထားသောဂါထာ = အစလဓိတိဂါထာ [၃၈] (ကယား-၇၀)
ဂရု, လဟု တစ်ကြိမ်စီ ဖွဲ့စီထားသောဂါထာ=
သမာနိကာဂါထာ[၅၁]၊ ဝုတ္တဂါထာ[၁၀၄]၊ ယမဝတီဂါထာ [၁၁၇]။
လဟု, ဂရု တစ်ကြိမ်စီ ဖွဲ့စီထားသောဂါထာ = ပမာဏိကာဂါထာ [၅၂]။
သဂိုဏ်းလေးခုဖြင့် ဖွဲ့စီထားသောဂါထာ = တောဋကဂါထာ [၇၆]။
ယဂိုဏ်းလေးခုဖြင့် ဖွဲ့စီထားသောဂါထာ =
ဘုဇင်္ဂပ္ပယာတဂါထာ [၈၀]။ (သဗ္ဗယဂဏိကဂါထာ-ဟုလည်းခေါ်)
သဂိုဏ်း, ယဂိုဏ်း တစ်လှည့်စီ ဖွဲ့စီထားသောဂါထာ = ကမလာဂါထာ [၈၇]။
လဟု ၁၄-လုံး ဂရု ၁-လုံးဖြင့် [နဂိုဏ်း(၄)ခု သဂိုဏ်း(၁)ခုတို့ဖြင့်] ဖွဲ့စီထားသောဂါထာ=
သသိကလာဂါထာ [၉၃]၊ မဏိဂုဏနိကရဂါထာ [၉၄]။
ရဂိုဏ်း, ဇဂိုဏ်း တစ်လှည့်စီ ဖွဲ့စီထားသောဂါထာ = ဝုတ္တဂါထာ [၁၀၄]။
သုမုခီဂါထာ၏အဆုံး၌ ဂရုတစ်လုံးတိုးလျှင် ဖြစ်နိုင်သည့်ဂါထာ = တာမရသဂါထာ [၈၆]
အာချာနကီဂါထာ၏အဆုံး၌ ဂရုတစ်လုံးတိုးလျှင် ဖြစ်နိုင်သည့်ဂါထာ = ဣန္ဒဝံသဂါထာ [၆၃]
အပရဝတ္တဂါထာ၏ သမပါဒ, ဝိသမပဒါတို့၏အဆုံး၌ ဂရုတစ်လုံးစီတိုးလျှင် =
ပုပ္ဖိတဂ္ဂါဂါထာထာ [၁၁၆] (ကရင်-၆၈)
အပရန္တိကဂါထာ၏ သမပါဒလက္ခဏာ၊ စာရုဟာသိနီဂါထာ၏ ဝိသမပါဒလက္ခဏာတို့ဖြင့် သီကုံးထားသော ဂါထာ = ဥဒိစ္စဝုတ္တိဂါထာ။ [၃၃]
န ဇ ဇ လ ဂါ ဂဒိကာ သုမုခီ-ဂါထာကို ဂရုတစ်လုံးတိုးက ဖြစ်နိုင်သောဂါထာ =
တာမရသဂါထာ [၈၆] (ပဲ-၆၈)
သမဝုတ္တိနိဒ္ဒေသလာ (၁၀)လုံးဖွဲ့ဂါထာတို့တွင် လက္ခဏာအချင်းချင်းတူညီနေကြသော ဂါထာ အမည်များ=ရုမ္မဝတီဂါထာ၊ စမ္ပကမာလာဂါထာ။ (စစ်-၆၈)
အရိယာဂါထာ၏ ရှေ့ထက်ဝက်ကို ဂရု(၁)လုံးတိုးလျှင် ဖြစ်နိုင်သောဂါထာ =
အရိယာဂီတိဂါထာ [၂၈]
သသိကလာဂါထာနှင့် ဂိုဏ်း ဂရု လဟု လက္ခဏာတူသောဂါထာ = မဏိဂုဏနိကရဂါထာ။ (ပဲ-၆၈)
(၅၄)မတ္တာရှိသော ဂီတိဂါထာလက္ခဏာပြဂါထာ = ဂါထာနံပါတ် [၂၆] (မန်း-၆၈)
အရိယာမျိုးဂါထာများထက် မတ္တာအရေအတွက် ပိုလွန်သောဂီတိမျိုးဂါထာ =
ဂီတိဂါထာ [၂၅]၊ အရိယာဂီတိ ဂါထာ [၂၈]။
(၇)လုံး (၃)လီ ယတိပြက်သောဂါထာ = သဒ္ဒရာဂါထာ [၁၀၅]

ဝိသမပါဒ၌ ဒေါဓကဂါထာ၏ လက္ခဏာတွင် အစတစ်လုံးကိုပယ်၍ သမပါဒ၌ ဒေါဓကဂါထာ၏ လက္ခဏာ အတိုင်း စီကုံးလျှင် ဖြစ်နိုင်သောဂါထာ ॰ ဝေဂဝတီဂါထာ [၁၀၉] (ရက-၆၈)
ဉဒိစ္စဂါထာ၏ ဝိသမပါဒနှင့် (၄)ပါဒလုံးတူသောဂါထာ ॰ စာရုဟာသိနီဂါထာ [၃၇]
အပရာဇိတဂါထာ၏ လက္ခဏာပါ သဂိုဏ်းကိုပယ်၍ ဖွဲ့ဆိုထားသောဂါထာ ॰ ဘဒ္ဒိကာဂါထာ [၇၃]။ (ရခိုင်-၆၈)
မတ္တာသမကမျိုး၌ လဟုချည်းသက်သက်နေသောဂါထာနှင့် သမဝုတ္တိနိဒ္ဒေသ၌ ဂရုချည်း သက်သက်နေသော ဂါထာ ॰ အစလမိတိဂါထာ [၃၈]၊ ဝိဇ္ဇုမ္မာလာဂါထာ [၄၉]။ (ရှမ်း-၆၈)
ရှေ့ထက်ဝက်၌ ပထျာဂါထာ၏လက္ခဏာ၊ နောက်ထက်ဝက်၌ စပလာဂါထာ၏လက္ခဏာတို့ဖြင့် စီကုံး ထားသောဂါထာ ॰ ဂါထာနံပါတ် [၂၄]
အပရာဝတ္တဂါထာ၏ ဝိသမပဒါဖြင့် (၄)ပါဒလုံးစီကုံးလျှင် ဖြစ်နိုင်သောဂါထာ॰ဘဒ္ဒိကာဂါထာ။
ပညာရှိတို့နှစ်သက်အပ်သောဂါထာ ॰ ပဘဒ္ဒကဂါထာ။ [၉၆]
ကျားဟိန်းသံနှင့်တူသောဂါထာ ॰
ပတ္တမြားစီ လက်ကောက်ဝတ်ထားသူနှင့်တူသောဂါထာ ॰ မဏိဂုဏနိကရဂါထာ [၉၄]။ (ရှမ်း-၆၈)
ဘဒ္ဒိကာဂါထာကို ဂရုတစ်လုံးတိုးလျက် တတိယဂိုဏ်း၌ာန၌ မဂိုဏ်းလဲ၍ (၄)ခု(၈)ခုမြောက်ယတိဖြင့် ဖွဲ့စီလျှင် ရရှိနိုင်သောဂါထာ ॰ ပုဋဂါထာ။ (ရှမ်း-၆၈)
သမဂါထာတို့တွင် ပါဒတိုင်း၌ ဂရုတစ်လုံးစီသာပါရှိသည့်ဂါထာများ [(၄)ပါဒလုံး နဂိုဏ်း(၄)ခု သဂိုဏ်း(၁)ခုဖြင့် ဖွဲ့သောဂါထာ] ॰ သသိကလာဂါထာ၊ မဏိဂုဏနိကရဂါထာ။ (ရှမ်း-၇၀)
ဂါထာတစ်ဂါထာတွင် ဂရု-လဟု ပျောက်ဆုံးက ရှာဖွေနည်းပြဂါထာ ॰ ဂါထာနံပါတ် [၁၀၃]။
ဣန္ဒဝဇိရာဂါထာနှင့် ဉပေန္ဒဝဇိရာဂါထာ (၂)ခုပေါင်းလျှင် ဖြစ်နိုင်သည့်ဂါထာ ॰
ဉပဇာတိဂါထာ။ (နဲ့) အာချာနကီဝိပရီတပုဗ္ဗဂါထာ။ (ရှမ်း-၆၈)
ဂိုဏ်း ဂရု မတြာအားဖြင့်တူပါသော်လည်း အမည်မတူသောဂါထာများ ॰
ရုမ္မဝတီဂါထာ၊ စမ္ပကမာလာဂါထာ။ သသိကလာဂါထာ၊ မဏိဂုဏနိကရဂါထာ။ (ဧ-၆၈)
ဝိသမပါဒ၌ ဉပေန္ဒဝဇိရာဂါထာ၏လက္ခဏာ, သမပါဒ၌ ဣန္ဒဝဇိရာဂါထာ၏လက္ခဏာတိုင်းဖွဲ့လျှင် ဖြစ်နိုင် သည့်ဂါထာ ॰ ဉပဇာတိဂါထာ၊ ဝိပရီတပုဗ္ဗဂါထာ။ (ဧ-၆၈)
ဩပစ္ဆန္ဒသကဂါထာနှင့်တူသော အမှုသမဝုတ္တိနိဒ္ဒေသလာ ဂါထာ [ဩပစ္ဆန္ဒသကဂါထာ၏ လက္ခဏာ အတိုင်း ရေးဖွဲ့လျှင်ဖြစ်နိုသောဂါထာ]॰ ပုပ္ဖိတဂ္ဂါဂါထာ။ [၁၁၆] (၈၄-ခုနှစ်)
ဝေတာလီဂါထာနှင့်တူသော အမှုသမဝုတ္တိနိဒ္ဒေသလာ ဂါထာ ॰ အပရဝတ္တဂါထာ။ [၁၁၅]
ဂရုဖြစ်လျက် လဟုကဲ့သို့ မှတ်ရမည့်ပုံစံပြဂါထာ ॰ ဒသာနရသာ စသောဂါထာ။ [၉] (ကချင်-၇၀)
ဆန်းကျမ်းလာ လက္ခဏာရပ်များနှင့် မညီညွတ်သော အက္ခရာပါဒရှိသောဂါထာများကို သာမညဂါထာဟု အမည်ပေးပါရန် ညွှန်ပြထားသောဂါထာ ॰
အနန္တရောဒိတံ စည စသောဂါထာ [၁၅]၊ နဒိသတေတ္တ ယံ ဆန္ဒံ စသောဂါထာ [၁၂၈]။ (ကချင်-၇၀)

**ပန်းသဖွယ်ဆန်းကျယ်သောဂါထာ[န ယ န ယဖွဲ့စီသောဂါထာ] =**
ကုသုမဝိစိတ္တာဂါထာ [၇၉]။ **(ကချင်-၇၀)**
**ဂရုအပြားပြဂါထာ =** သံယောဂါဒိ စ ဒီဃော စ ဂါထာ။ [၇]
**ဝိသေသအမည်ရသောဂါထာအမည်, ဆန်းအမည်ကို ပြပါမည်ဟု ပဋိညာဉ်ပြသောဂါထာ**
ဝိသေသနာမတော ကိဉ္စိ- စသောဂါထာ [၁၆]။ **(ကရင်-၇၀)**
**အဒ္ဓသမဝုတ္တိနိဒ္ဒေသ-လာ ဝေတာလီမျိုးတွင် အကျုံးဝင်သောဂါထာများ =**
အပရဝတ္တဂါထာ၊ ပုပ္ဖိတဂ္ဂါဂါထာ။ **(စစ်-၇၀)**
**ပုဗ္ဗဒ္ဓ၌ ပထျာဂါထာ, အပရဒ္ဓ၌ စပလာဂါထာတို့၏လက္ခဏာကို ပြဆိုသောဂါထာ =**
ဇဃနစပလာဂါထာ။ [၂၄] **(နင်-၇၀)**
**ဝါနိနီဂါထာ၌ အဆုံးဂရုတစ်လုံးဖြုတ်လျှင် ဖြစ်လာမည့်ဂါထာ =** ပဘဒ္ဒကဂါထာ [၉၆] **(နင်-၇၀)**
**ဝိသမပါဒ၌ ဥဒိစ္စဝုတ္တိ ဝိသမပါဒလက္ခဏာ, သမပါဒ၌ ပစ္စဝုတ္တိသမပါဒလက္ခဏာတို့ဖြင့် ဖွဲ့စီသော ဂါထာ =** ပဝတ္တကဂါထာ [၃၅]။ **(ပဲ-၇၀)**
**မဂိုဏ်း(၂)ခု၊ ဂရု(၂)ခု =** ဝိဇ္ဇုမ္မာလာ [၄၉]။
**ဘဂိုဏ်း, မဂိုဏ်း, သဂိုဏ်း, ဂရု =** ရုမ္မဝတီ [၅၇]။
**နဂိုဏ်း, ဇဂိုဏ်း(၂)ခု, ယဂိုဏ်း =** တာမရသ [၈၆]။ **(ပဲ-၇၀)**
**ပါဒန္တဂရု အမြဲမရသင့်သောဂါထာ =** အစလဓိတိ၊ သမာနိကာ၊ ဥဇ္ဇာသက၊ ဝုတ္တ။ **(ပဲ-၇၀)**
**ဝေတာလီဂါထာ၏လက္ခဏာတွင် အဆုံး၌ ဂရုတစ်လုံးတိုးလျှင် =** ဩပစ္ဆန္ဒသကဂါထာ။ **(ပဲ-၇၀)**
**အာချာနကီဂါထာ၏ ဝိသမပါဒအတိုင်း (၄)ပါဒလုံး ဖွဲ့လျှင် =** ဣန္ဒဝဇိရာ [၆၃]။ **(မကွေး-၇၀)**
**ဂါထာဖွဲ့ရာတွင် တစ်ပါဒလျှင် အက္ခရာမည်မျှ ဖွဲ့ရမည်ကိုပြသောဂါထာ =**
ပါဒမေကက္ခရာရဗ္ဘ စသောဂါထာ။ [၁၃] **(မန်း-၇၀)**
**ဂီတိမျိုးဂါထာတို့တွင် မတြာအရေအတွက် အများဆုံး ဖွဲ့သောဂါထာ=** အရိယာဂီတိဂါထာ**(မန်း-၇၀)**
**ပါဒန္တဂရု အမြဲမရသင့်သော တတိယပိုင်းလာဂါထာများ =** သမာနိကာ၊ ဥဇ္ဇာသက၊ ဝုတ္တ၊ အစလဓိတိ။
**ကေတုမတီဂါထာ၏ သမပါဒတွင် ရဂိုဏ်းနေရာ တဂိုဏ်းထား၍ (၄)ပါဒလုံးဖွဲ့လျှင် =** သိရီ [၇၀]
**မာလိနီဂါထာမှ နောက်ဆုံးယဂိုဏ်းကိုဖြုတ်လျှင် =** ပုဋဂါထာ။ [၇၈] **(ရခ-၇၀)**
**ရဂိုဏ်း(၃)ခု၊ ဇဂိုဏ်း(၃)ခု၊ ဂရု-လဟုတို့ဖြင့် ဖွဲ့သောဂါထာ =** ဝုတ္တဂါထာ [၁၀၄]။ **(ရှမ်း-၇၀)**
**ဝိသမပါဒ၌ ဒေါဓကဂါထာ, သမပါဒ၌ တာမရသဂါထာ၏ လက္ခဏာ=**ဒုတမဇ္ဈာ[၁၀၈]**(ရှမ်း-၇၀)**
**ဥပစိတ္တဂါထာ၏ သမပါဒကို (၄)ပါဒလုံးဖွဲ့လျှင် =** ဒေါဓကဂါထာ။ **(ရှမ်း-၇၀)**
**သမ, အဍ္ဍသမ, ဝိသမဂါထာတို့၏ လက္ခဏာပြပါဠိ =** ပိုဒ်ရေ (၁၁-၁၂)။ **(ရှမ်း-၇၀)**
**အရိယာဂါထာ၏ ပုဗ္ဗမှ, အပရမှကို ရှေ့နောက်ပြန်လျှင် =** ဥဂ္ဂီတိ [၂၇]။ **(ဧ-၇၀)**
**ပုဋဂါထာကို အဆုံးယဂိုဏ်းဖြုတ်လျှင် =** သဋ္ဌာဂါထာ။
**ပုဋဂါထာကို ယဂိုဏ်း(၁)ဂိုဏ်းတိုးလျှင် =** မာလိနီဂါထာ။ **(ဧ-၇၀)**

ဆန်းကျမ်းပြု အရှင်သံဃရက္ခိတထေရ်၏ ဆရာဖြစ်သော သီလမဟာထေရ်၏ နေရပ်လိပ်စာပြ ဂါထာ=ဆန်းဂါထာနံပါတ် (၁၃၅)။ (အထူးအောင်-၇၀)

. . . ♠♠♠ . . .

## နောက်ဆက်တွဲအဓိပ္ပာယ်

**ယတိစ္ဆိတံ-၌ ယတောအရ**=ဒုဗ္ဗိညေယျ=အသိခက်ခြင်း၊
မလီန=ညစ်နွမ်းခြင်း၊
ဒုဂ္ဂမ=သက်ဝင်နိုင်ခဲခြင်း၊
အတိဝိတ္ထာရ=အလွန်ကျယ်ဝန်းခြင်း တို့ကိုယူ။

**ဣစ္ဆိတံအရ**=သင်ခြင်းဆောင်ခြင်းအကျိုးကိုယူ၊ (နဲ) မတ္တာဝုတ္တိ, ဝဏ္ဏဝုတ္တိကို သိခြင်းအကျိုးကိုယူပါ။

## သဒ္ဒါသုတ်နှင့် ဆန်းသုတ်အထူး

ရုပ်ပြီးခြင်းကို မှတ်သားကြောင်းစကားရပ်သည် သဒ္ဒါသုတ်၊ ဂါထာတို့၏ မတ္တာ, ဝဏ္ဏ, ဂရု, လဟုတို့ကို မှတ်ကြောင်းစကားရပ်သည် ဆန်းသုတ်၊

(နဲ) သဒ္ဒါသုတ်သည် သုတ်သာဖြစ်၍ ဥဒါဟရုဏ်မဟုတ်၊ ဆန်းသုတ်ကား သုတ်လည်းဖြစ်၏ ဥဒါဟရုဏ်လည်း ဖြစ်၏၊ ဤသို့ထူးပါသည်။

## ဝဏ္ဏဝုတ္တိဂိုဏ်းကို ရှေးဦးစွာပြရခြင်းအကြောင်း

ဝဏ္ဏဝုတ္တိဂါထာမျိုးသည် ရှစ်ဂိုဏ်းလုံးနှင့်ဆက်ဆံ၍ သာမညဖြစ်သောကြောင့် ဝဏ္ဏဝုတ္တိဂိုဏ်းကို ရှေးဦးစွာပြရသည်။

## လဟုဖြစ်လျက် ဂရုကဲ့သို့မှတ်ရမည့်အရာ

မုခစပလာနာမ သာ ဘဝတိ-၌ 'တိ'အက္ခရာတည်း။ ဤ'တိ'အက္ခရာသည် လဟုဖြစ်သော်လည်း ပါဒ၏အဆုံးဖြစ်သော်ကြောင့် ပါဒန္တဂရုဖြစ်ရကား လဟုဖြစ်လျက် ဂရုကဲ့သို့မှတ်ရပါသည်။

## ဂရုဖြစ်လျက် လဟုကဲ့သို့ မှတ်ရမည့်အရာ

'သညတ+ကြိ' ၌ တ-အက္ခရာတည်း။ ဤတ-အက္ခရာသည် သံယောဂါဒိဂရုဖြစ်သော်လည်း ဆန္ဒာနုရက္ခဏအကျိုးငှါ ဂရုဖြစ်လျက် လဟုကဲ့သို့ မှတ်ရပါသည်။

(နဲ) တတိယပါဒ၏ အဆုံးဖြစ်သော 'သညတ' ၌ 'တ'သည် စတုတ္ထပါဒအစ 'ကြိ' ဟူသော သံယုဂ်နှောင်း

သောကြောင့် ဂရုဖြစ်သင့်သော်လည်း ဂရုဟုယူလျှင် မတြာပိုလွန်ကာ ဂိုဏ်းသုံးခုကိုကျော်လွန်၍ ပထျာအရိယာဂါထာလက္ခဏာ ပျက်နိုင်သောကြောင့် ဆန္ဒာနုရက္ခဏအကျိုးငှါ ဂရုဟုမယူဘဲ လဟု ဟုယူရပါသည်။

**သမုဒ္ဒသဒ္ဒါကို လေးခုသင်္ချာဟော ယူရခြင်းအကြောင်း**

သမုဒ္ဒရာလေးစင်းရှိသောကြောင့် သမုဒ္ဒသဒ္ဒါကို လေးခုသင်္ချာဟောဟု ယူရပါသည်။

၅-ဥသု=မာရ်နတ်မင်း၌ မြားငါးစင်းရှိသောကြောင့်. . . . ။

၆-ရသ=အရသာခြောက်ပါးရှိသောကြောင့်. . . ။

၄-ဝေဒ=ဣရုဗေဒင်, ယဇုဗေဒင်, သာမဗေဒင်- အာထဗ္ဗဏဗေဒင်အားဖြင့် ဗေဒင်လေးပုံရှိသောကြောင့်။

၄-ယုဂ=သစ္စယုဂ်, တြေတယုဂ်, ဒွါပရယုဂ်, ကလိယုဂ်အားဖြင့် ယုဂ်လေးပါးကိုဟောသောကြောင့်. . . ။

၅-အက္ခ=လောကုတ္တရာဣန္ဒြေသည် သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေအားဖြင့် ငါးပါးရှိသောကြောင့်. . . ။

၆-ဥတု=ဟေမန္တ, သိသိရ-စသော ဥတုခြောက်မျိုးရှိသောကြောင့် . . . ။

၇-အဿ, ဟယ=မြင်း၌ ခြေလေးချောင်း နားရွက်နှစ်ခု အမြီးတစ်ခုဟုဆိုအပ်သော ထင်ရှားသောအင်္ဂါ(၇)ခု ရှိသောကြောင့်. . . ။

၇-ဣသိ, မုနိ=ဝိပဿီအစရှိသောဘုရားတို့၏ ဂေါတမဘုရားရှင်နှင့်တကွ ခုနစ်ဆူရှိသောကြောင့်. . . ။

၈-ဝသု, ဘောဂ=ရွှေ, ငွေ-စသော အဝိညာဏကရတနာခုနှစ်ပါးနှင့် သဝိညာဏကရတနာတစ်ပါးအားဖြင့် ရှစ်ပါးရှိသောကြောင့်. . . ။

၉-ဂဟ=ဂြိုဟ်ကိုးလုံးရှိသောကြောင့်. . . ။

၁၁-ဟရ=ဟရသဒ္ဒါသည် ရုဒ္ဒနတ်ကိုဟော၏၊ ရုဒ္ဒနတ်သည် အဇေတပါဒနတ်စသောအားဖြင့် (၁၁)မျိုးရှိသောကြောင့်. . . ။

၁၂-အက္က=အက္ကသဒ္ဒါသည် နေဟူသောအနက်ကိုဟော၏၊ နေ၌ ကလာ (၁၂)မျိုးရှိသောကြောင့်. . . ။

**(ဆောင်)** ဆန်းကျမ်း၌လာ, သင်္ကေတာတို့, သင်္ချာအရ, စဉ်ကာပြပိမ့်, သင်ကြထိုထို, နားဝင်ချိုလော, မြင့်မိုရ်ရံကာ, အဏ္ဏဝါ၏, မှန်စွာလေးစင်း, ရှိခဲ့ခြင်းကြောင့်, ကြောင်းရင်းမှန်ပြ, **အဏ္ဏဝ**နှင့်, **သမုဒ္ဒ ဇလဓိ, အမ္ဗုဓိ သိန္ဓု**, လေးခုသင်္ချာ, လေးဖြာဗေဒင်, ယုဂ်လေးအင်ကြောင့်, ခေါ်တွင်စေကြ, **ဝေဒယုဂါ, စတုဓာပေ**။ ဣန္ဒြေငါး, **အက္ခ**ကြား၍, မှတ်သားရေတွက်, ငါးရက်တစ်ခါ, မျှားပစ်ရာကြောင့် သင်္ချာ**ဥသု**, ပဉ္စာပြုလော။ ခြောက်ခု **ရသာ**, ခြောက်ဖြာ **ဥတု**။ ခုနှစ်ခုတိုး, ရသေ့မျိုးကြောင့် ခေါ်ရိုးအရှိ, **မုနိ-ဣသိ**, ခုနှစ်မည်လောင်း, မြင်းကောင်းထွက်လတ်, ခုနှစ်ရပ်မို့, **ဟယ-အဿာ**, ခုနှစ်ဖြာတိုင်, အိုင်ခုနှစ်တန်, အသံခုနှစ်ရပ်, **သရ**မှတ်၍။ နတ်မျိုးရှစ်ပါး, **ဝသု**ကြားလော, နဂါးရှစ်မည်, မှတ်**ဘောဂီ**သာ။ တစ်လီ**ဂဟ**, ဂြိုဟ်ကိုးဝတည်း။ **ဟရ**တွက်စစ်, နတ်ဆယ့်တစ်ပေ။ ရဝိန်နေမှာ, ကလာဒွါရ, ရှာကာပြ၍, **အက္က** နေဟော, ဆယ့်နှစ်ပြောသည်, မှတ်လော ကြည်စိမ့်, နားဝင်ဆိမ့်။

**ဆန်း သုတ်တို့ဖြင့် ဆန်းစစ်မရသောဂါထာကို သာမညဂါထာဟု အမည်ပေးရခြင်းအကြောင်း**
ဘုရားဟောဖော်ပါဠိတော်တို့သည် သစ္စာလေးပါးကိုသိမှုသာ အဓိကအကြောင်းအရင်းဖြစ်သောကြောင့် ဆန်း, ဂါထာတို့ကို မစိစစ်တော့ဘဲ ဂါထာဟူ၍သာ သာမညအားဖြင့် ညွှန်ပြပါသည်။

## မတ္တာဝုတ္တိနိဒ္ဒေသ ဒုတိယပရိစ္ဆေဒ
## မတ္တာဝုတ္တိကို ရှေးဦးစွာပြရခြင်းအကြောင်း

မတ္တာဝုတ္တိ ဝဏ္ဏဝုတ္တိနှစ်မျိုးတို့တွင် သိမ်မွေ့နက်နဲသောကြောင့်လည်းကောင်း နည်းသောအပြား ရှိသောကြောင့်လည်းကောင်း မတ္တာဝုတ္တိကို ရှေးဦးစွာပြဆိုသည်။

**(ဆောင်)** သိမ်မွေ့နက်နဲ, ခက်ခဲလှစွာ, နည်းသည့်တာကြောင့်, မတ္တာ-ဝဏ္ဏ, ထိုနှစ်ဝတွင်, မတ္တာလျှင် ရှေ့တင် မိန့်တော်မူ။

**အရိယာမျိုးကို ရှေးဦးစွာပြရခြင်းအကြောင်း**

အရိယာ, ဂီတိ, ဝေတာလီ, မတ္တာသမကဟူသော မတ္တာဝုတ္တိ (၄)မျိုးတို့တွင် ဂီတိစသော (၃)မျိုးတို့သည် အရိယာမျိုးလျှင် ရှေ့သွားရှိသောကြောင့် အရိယာမျိုးကို ရှေးဦးစွာ မိန့်ဆိုရသည်။

**အရိယာသာမညဂါထာကို ထပ်၍ စီရင်ရခြင်းအကြောင်း**

ဆိုအပ်ပြီးသော ဆဋ္ဌော ဇိလဂါထာ, ပထမဓေဂါထာတို့ကို အမည်ထပ်၍ ပေးလိုသောကြောင့် ဤအရိယာသာမညဂါထာကို ထပ်၍စီရင်ရသည်။

**အရိယာသာမညဂါထာမည်ပုံ**

အရိယာမျိုးအားလုံးနှင့် တူသောလက္ခဏာရှိ၍ အရိယာဂါထာဟူသမျှတို့နှင့် ဆက်ဆံသောသဘောရှိသော ကြောင့် အရိယာသာမညဂါထာမည်၏။

**လဟုဆတ္တံ န နီရန္တရံ သမေ-ဌ လဟု ၆-လုံး ဆက်တိုက် မနေသင့်ခြင်းအကြောင်း**

ဝိသမပါဒနှင့် မထူးခြားရာသောကြောင့်လည်းကောင်း အစွန်ဖြစ်သောလဟုတို့ကို ဂိုဏ်းဖွဲ့၍ ထိုထိုဂါထာ၌ သွင်းရာသောကြောင့်လည်းကောင်း သမပါဒ၌ လဟုခြောက်လုံး ဆက်တိုက်မနေသင့်ပါ။

**ပါဒါကုလကကို ပြဆိုရခြင်းအကြောင်း**

မတ္တာသမကမျိုးငါးဂါထာမှ လက္ခဏာသီးခြားမရှိသော်လည်း အကျဉ်းအားဖြင့်ပြအပ်ပြီးသော မတ္တာသမကမျိုးငါးပါးကို မူလမူလီသွတ်၍ အကျယ်အားဖြင့် ပြခြင်းအကျိုးငှါ ပါဒါကုလကဂါထာကို ပြဆိုပါသည်။

**ပါဒါကုလကမည်ခြင်းအကြောင်း**

မတ္တာသမကစသော ငါးဂါထာတို့၏ပါဒတို့ဖြင့် ရောယှက်ခြင်းရှိသောကြောင့် ပါဒါကုလကဂါထာမည်၏။

**၆-လုံးဖွဲ့ ဂါယတ္တိဆန်းမှစ၍ ပြရခြင်းအကြောင်း**

"ဂါယတ္တိ ပမုခံ ဆန္ဒံ"ဟု အဘိဓာန်ကျမ်း၌ ဆိုအပ်သောကြောင့်လည်းကောင်း များသောအားဖြင့် သာသနာတော်ကျမ်း၌ ယှဉ်ခြင်းငှါမထိုက်သောကြောင့်လည်းကောင်း (၁-လုံးဖွဲ့မှ ၅-လုံးဖွဲ့ဆန်းအထိမပြဘဲ) ၆-လုံးဖွဲ့ ဂါယတ္တိဆန်းမှစ၍ ပြဆိုရခြင်းဖြစ်သည်။

**အနုသမဝုတ္တိနိဒ္ဒေသ၌ အာချာနကီနှင့် ဝိပရီတာချာနကီတို့ကို ထပ်၍ပြရခြင်းအကြောင်း**

အာချာနကီ, ဝိပရီတာချာနကီဟူသော အမည်ထူးများကို သိစေလိုသောကြောင့် ထပ်၍ပြရသည်။

+++ပြီးပါပြီ+++

## အလှုသစ္စာ

ရောင်စုံလန်းဆန်း၊ ရနံ့လွှမ်းသည့်
ပန်းကလေးတွေ၊ အလှုဝေလည်း
မကြွေကျခင်၊ အလှုဆင်သည်
တဒင်္ဂအလှု၊ သူ့ဘဝ။

တောတွေတောင်တွေ၊ အလှုဝေလည်း
နွေမရောက်ခင်၊ အလှုဆင်သည်
တဒင်္ဂအလှု၊ သူ့ဘဝ။

အသားဝွေဝါ၊ ပါးနီတျာနှင့်
နှာတံမျက်လုံး၊ ရှုမဆုံးအောင်
ကော့မျက်တောင်နှင့်၊ နက်မှောင်ဆံပင်
မြင်သူတိုင်းငေး၊ နုယဥ်ကျေး၍
နတ်ဆေးပန်းချီ၊ ရေးမမှီသို့
စုံညီလှရှာ၊ ထိုသူမှာလည်း
ဇရာမရောက်ခင်၊ အလှုဆင်သည်
တဒင်္ဂအလှု၊ သူ့ဘဝ။

စိတ်ထားကောင်းခြင်း၊ ရိုးသားခြင်းနှင့်
ရိုင်းပင်းကူညီ၊ ဤသုံးလီကား
အခြားအလှု၊ ယှဥ်မရ၍
ဘဝနောက်နောင်၊ ကာလခေါင်ထိ
အရောင်ထွက်ဆဲ၊ လှုနေဆဲမို့
အမြဲထာဝရ၊ လှုမြဲလှုသည်
အလှုသစ္စာ တရားပါတကား။

အချိန်မတန်ခင်

ဇိမ်ခံနေရင်တော့

နောင်တစ်ချိန်မှာ

အနှိမ်ခံရတဲ့ဘဝကို

ရောက်လိမ့်မယ်။

**ဓမ္မဒါနထုတ်ဝေသူ**

**ဓမ္မဒါနထုတိုလ်ရှင်**

အရှင်ပညာဝံသာလင်္ကာရ (ပျဉ်းမနား)

သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့

Design - Ashinpyinyarwintharlinkarya

Tharmanaykyaw - Bago